# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၂ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၁၂ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၁၁)

**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်များ သတ်မှတ်ကြေညာ

**နေပြည်တော် ဩဂုတ် ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၅/၂၀၁၀)ဖြင့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၆/၂၀၁၀)ဖြင့် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၇/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်များကိုလည်းကောင်း၊ ကြေညာချက်အမှတ် (၈၈/၂၀၁၀)ဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များကိုလည်းကောင်း၊ ၁၃၇၂ခုနှစ် ဝါခေါင်လဆန်း ၁ရက်၊ ၂၀၁၀ပြည့်နှစ် ဩဂုတ် ၁၁ရက် ရက်စွဲဖြင့် သတ်မှတ်ကြေညာလိုက်သည်။

အဆိုပါ မဲဆန္ဒနယ်များစာရင်းအသေးစိတ်ကို နေ့စဉ်ထုတ်သတင်းစာများတွင် အချပ်ပိုဖြင့် ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပြီး ကော်မရှင်အဖွဲ့ရုံးများတွင်လည်း သွားရောက်စုံစမ်းကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ပင်မတမံ တည်ဆောက်နေမှုကို ဤသို့ တွေ့ရသည်။

# မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း

- သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
- ဓာတ်ပုံမှတ်တမ်း - မောင်မောင်သန်း(သတင်းစဉ်)
- စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

**မိတ္ထီလာ ဩဂုတ် ၁၁**

ပြီးခဲ့သည့် ဇူလိုင်လ ဒုတိယပတ်အတွင်းက မန္တလေးတိုင်း ခရီးစဉ်တစ်ခုပေါ်လာ၍ မြို့ကြီးကိုရောက်ရန် အကြောင်းဖန်လာခဲ့သည်။ နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာခဲ့ပြီး မြစ်သားနှင့်ကျောက်ဆည်ကြား ဟံမြင့်မိုရ်လမ်းခွဲမှတစ်ဆင့် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိခဲ့ကြသည်။ မြို့ကြီးကျေးရွာအနီး၌ တည်ရှိ၍ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းဟု အမည်တွင်ခြင်းပါတကားဟု သဘောပေါက်ရသည်။

**တည်ရှိ**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူတည်ဆောက်လျက်ရှိသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှင်မြို့နယ် ဟံမြင့်မိုရ် ရွာင်ကားလမ်း မိုင်တိုင်အမှတ်(၁၄)အနီး မြို့ကြီးကျေးရွာ၏မြောက်ဘက် တစ်မိုင်ခန့်အကွာ၌ တည်ရှိသည်။

ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်ပြီး ရေဆင်းဧရိယာ ၇၂၅ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှ မိုးရေချိန်လက်မ ၄၀၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၇၃၄၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၅၉၅၅၀၊ ကန်ရေသေ ရေလှောင်ပမာဏ ၅၉၇၇၁ဧကပေ၊ ကန်ရေပြည့် ရေပြင်ကျယ်ဧရိယာဧက ၃၄၂၀ဖြစ်သည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❐

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၁၂ ရက်)

# အင်းလေးဒေသ စိမ်းလန်းစိုပြည်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တောင်ကြီး၊ ညောင်ရွှေ၊ ပင်းတယ၊ ကလောမြို့များ တစ်နည်းအားဖြင့် အင်းလေးဒေသသည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာလှည့်ခရီးသည်များကပါ စိတ်ဝင်စားသောဒေသဖြစ်သည်။

ကချင်ပြည်နယ်ရှိ အင်းတော်ကြီးကန်ပြီးလျှင် ဒုတိယအကြီးဆုံးဖြစ်သည့် အင်းလေးကန်ကြီးသည် အလျား ၂၂ ကီလိုမီတာ၊ အနံ ၁၀ကီလိုမီတာခန့်ရှိသည်။ အင်းလေးကန်ရေပြင်အတွင်း နေထိုင် အသက်မွေးဝမ်းကျောင်းပြုသည့် လူနေမှုပုံစံ၊ ရေပေါ်ဈေးနှင့် ချည်ထည် ပိုးထည်ရက်လုပ်ငန်း၊ ပန်းပဲလုပ်ငန်း၊ ကျောက်တိုင်ရွာအိုးလုပ်ငန်းတို့မှာ ထင်ရှားသော လက်မှုပညာလုပ်ငန်းများဖြစ်သည်။

ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုများပြောင်းလဲဖြစ်ပေါ်လာမှုတွင် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လျှောင်လှုပ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်ခဲ့ရပြီး၊ ယင်းရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုတို့ကြောင့် နှစ်ကာလ ရှည်ကြာလာသည်နှင့်အမျှ ၄င်းတို့၏အကျိုးဆက်အဖြစ် အင်းလေးကန်ကြီးအတွင်း ရေလျော့နည်းခန်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ယခုအခါ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ပြန်လည်ထိန်းသိမ်းရေးလုပ်ငန်းများအဖြစ် အင်းလေးကန်မတိမ်ကောရေး၊ အင်းလေးကန် သဘာဝပတ်ဝန်းကျင်ဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အင်းလေးကန် သာယာလှပစိမ်းလန်းစိုပြည်ရေးတို့ကို စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန်ကြီးသည် နိုင်ငံတော်၏ အဖိုးတန် သဘာဝအမွေအနှစ်တစ်ခုဖြစ်သကဲ့သို့ ရှမ်းပြည်နယ်၏ အမှတ်သင်္ကေတတစ်ခုလည်းဖြစ်သည်။ ဒေသခံပြည်သူတို့၏ လူမှုစီးပွားရေးဘဝအတွက် များစွာအထောက်အကူပြုရုံသာမက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍအတွက်ပါ တစ်ဖက်တစ်လမ်းက ဖြည့်စွက်ပေးနေသည့် ကန်ကြီးဖြစ်သည်။

အင်းလေးကန်ကြီး ရေရှည်တည်တံ့ရေးအတွက်ဆောင်ရွက်ရာတွင် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ သစ်တောသစ်ပင်ပြန်လည်ပြုစုစိုက်ပျိုးရေး၊ သဲ၊ နုန်းပို့ချမှုများ ဖယ်ရှားရေး၊ ကျွန်းမျော၊ ရေမှော်နှင့် ဗေဒါပင်များရှင်းလင်းရေး၊ ရွှေ့ပြောင်းတောင်ယာများအစား ကုန်းမြင့်လယ်ယာများ ပြောင်းလဲစိုက်ပျိုးရေးတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ သဘာဝအမွေအနှစ်တစ်ခုဖြစ်သည့် အင်းလေးကန်ကြီးကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ရာ၌ နိုင်ငံတော်၏ အားပေးကူညီပံ့ပိုးမှုနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်မှု၊ ဒေသခံပြည်သူများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများဖြင့် ဆောင်ရွက်သွားပါက အင်းလေးကန်ဒေသသည် အစဉ်သာယာလှပ စိမ်းလန်းစိုပြည်နေပြီး ရေရှည်တည်တံ့ခိုင်မြဲနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည် ပဲခူးတိုင်းအတွင်းရှိ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၁

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်နှင့် ပဲခူးတိုင်းခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ တွေ့ဆုံပွဲကို ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ရက် နံနက် ၈နာရီခွဲက ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်(ပဲခူးတိုင်းတာဝန်ခံ) **(အောက်ပုံ)**က အမှာစကားပြောကြားသည်။

### ဆွေးနွေး

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်သည် ပဲခူးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ သာယာဝတီခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲမြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ ကော်မရှင်အဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံ၍ မဲရုံအရေအတွက်နှင့် တည်နေရာများ တိကျမှန်ကန်စေရေး၊ ကော်မရှင်လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**



## သာသနာရေးဝန်ကြီး သူရဦးမြင့်မောင်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၁

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်အား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Sebastianus Sumarsono သည် ယမန်နေ့ နံနက် ၁၁နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ သာသနာရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**



## နေပြည်တော် ပျဉ်းမနား၌ ယာဉ်နှင့်လမ်းစည်းကမ်း အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၁**

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၅ရက် ညနေ ၃နာရီက နေပြည်တော် ပျဉ်းမနားမြို့နယ် ကန်နားရပ် ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနွဲ့၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၄၂၀တို့ တက်ရောက်ကြသည်။

နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယရဲမှူး ခင်မောင်တင့်က အသက်(၁၈)နှစ်မပြည့်လျှင် မော်တော်ဆိုင်ကယ်မစီးသင့်ကြောင်း၊ အသက်(၁၈)နှစ်ပြည့်ပြီး နိုင်ငံသား စိစစ်ရေးကတ်ပြား ရှိလျှင် ယာဉ်မောင်းလိုင်စင်ပြုလုပ်၍ လိုင်စင်ရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နားလည်ကြမှသာမော်တော်ဆိုင်ကယ်စီးသင့်ကြောင်း၊ လမ်းဖြတ်ကူးရာတွင် လူကူးမျဉ်းကျားမှ ကူးရန်နှင့် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း များလိုက်နာကြရန် ရှင်းလင်းဟောပြောခဲ့သည်။ **(သတင်းစဉ်)**

## မီးဘေးကြိုတင်ကာကွယ်

မိုင်းပန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် စည်ပင်သာယာဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ် (တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း ဩဂုတ် ၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးဝဏ္ဏကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းထွန်းဦးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



## နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

**(သောကြာနေ့-နံနက်+နေ့လယ်+ည)**

**၁၃-၈-၂၀၁၀**

- ၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇း၀၅ တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ **(ရတနသုတ်+ဂုဏ်တော်ကွန်ချာ)**
- ၇း၃၀ ဓမ္မပူဇာတေးပဒေသာ
- ၇း၃၅ (၃၈)ဖြာမင်္ဂလာ
- ၈း၀၀ နံနက်ခင်းတေးပဒေသာ
- ၈း၁၀ စံတော်ချိန် + သတင်း
- ၈း၃၀ နံနက်ခင်းတေးပဒေသာ
- ၈း၃၅ ပြောပါရစေရှင် (အကျင့်ကောင်း) တေးပဒေသာ
- ၁၀း၀၀ သောတရှင်လိုရာတေး
- ၁၀း၃၀ သတင်းစာအာဘော်
- ၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
- ၁၁း၀၀ နေ့လယ်ခင်းသတင်း
- ၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
- ၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
- ၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level-24)
- ၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၀၀ မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
- ၁၃း၃၀ အစီအစဉ်ပြီး၏။
- ၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
- ၁၇း၀၀ Music Talk တေးပဒေသာ
- ၁၇း၂၅ သတင်းစာဆောင်းပါး
- ၁၇း၃၀ ရင်ခုန်စီးဆင်း အနုပညာသတင်း
- ၁၈း၀၀ ညနေခင်းသတင်း
- ၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
- ၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ
- ၁၈း၄၅ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
- ၁၉း၀၀ နိုင်ငံတကာသတင်း
- ၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
- ၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ **နားလည်ပါစေ မိချောတို့အမေ**
- ၁၉း၄၅ တေးပဒေသာ
- ၂၀း၀၀ ပြည်တွင်းသတင်း
- ၂၀း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (ဒါရိုက်တာ- အကယ်ဒမီညီညီထွန်းလွင်) စီးပွားရေးဦးတည်ချက် တေးပဒေသာ
- ၂၁း၀၀ ဆောင်းပါး (အနိုင်းမဲ့ကုသိုလ်-ဒုတိယပိုင်း)
- ၂၁း၀၅ ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ
- ၂၂း၀၀ အစီအစဉ်ပြီး၏။




ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်း စက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ရန်ကုန်တိုင်းစက်မှုဇုန်များစီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်း

## ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဩဂုတ် ၁၁

**ရန်ကုန်တိုင်းစက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းရန် အမှာစကား ပြောကြားသည်။**

### ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်က စက်ရုံ၊ အလုပ်ရုံများ အနေဖြင့် လုပ်ငန်းခွင်အဆင်ပြေချောမွေ့ရေး၊ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးရန်လိုကြောင်း၊ သတ်မှတ်လျာထားချက်ထက် ပြည့်မီ ကျော်လွန်အောင် အကောင်အထည် ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

### ပေါင်းစပ်ဖြည့်ဆည်းပေး

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက မိမိတို့၏ လက်ရှိ လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကြကာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

# ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ‌ေ၍သည်အဖွဲ့ တွေ့ဆုံ

## ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ပေးရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁၁

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံ POSCO မှ Chairman and Chief Executive Officer Mr. Joon-Yang Chung ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၄နာရီခွဲတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

### ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာအထောက်အပံ့ပေးရေးတို့အတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဩဂုတ် ၁၁**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် Sun Myanmar Int'l Impex Co.,Ltd. ၏ ကူညီပံ့ပိုးမှုဖြင့် ဩဂုတ် ၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ စာရေးဆရာ အောင်သင်းက ခေါင်းဆောင်ကောင်းနှင့် နောက်လိုက်ကောင်း (Good Leader & Good Follower) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၈-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အောင်တော်မူ စောမင်းနောင်၊ စိုင်းညီမင်း၊ (တေးရေး- ဗိုလ်ကလေး တင့်အောင်)
- ၇:၅၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၈:၀၀ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၈:၁၅ ၇။ **လာအတူ သွားကြစို့**
- ၈:၂၅ ၈။ အကပဒေသာ
- ၈:၄၀ ၉။ International News
- ၈:၄၅ ၁၀။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၀ ၂။ တေးဂီတအစီအစဉ်
- ၄:၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄:၃၀ ၄။ အဆိုပြိုင်ပွဲ
- ၄:၃၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ စီးပွားစီမံအထူးပြုလွှာ) (စီးပွားရေးပညာ)
- ၄:၅၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၅ ၇။ **အိုးပိုင်အိမ်ပိုင်**
- ၅:၁၀ ၈။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်းကြီး ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
- ၅:၂၅ ၉။ တေးဂီတအစီအစဉ်
- ၅:၄၀ ၁၀။ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၁၃။ ပျော်ရွှင်စေသော နေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၁၈) ငြိမ်းချမ်း၊ နန်းဆုရတီစိုး၊ ယုဇနဗိုလ်မြင့်၊ စုပုံချစ် (ဒါရိုက်တာ- အောင်ကျော်သူရ)
- ၆:၃၅ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆုံးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၄)
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ အထိမခံရွှေနိုင်ငံ [တေးရေး၊ တေးဆို-ပေါက်စ (Drum)]
- ၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ပထမတွဲ) (အပိုင်း-၁၁)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၈)

# မြန်မာနိုင်ငံစာရင်းကောင်စီ ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)အတွက် သင်တန်းသားများခေါ်ယူ

ရန်ကုန် ဩဂုတ် ၁၁

၂၀၁၁ပညာသင်နှစ် ဒီပလိုမာစာရင်းကိုင်သင်တန်း(ပထမပိုင်း)ကို ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ရန်ကုန်မြို့ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း အလုံမြို့နယ်၌ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ပထမပိုင်း တစ်နှစ်၊ ဒုတိယပိုင်း တစ်နှစ်ဖြစ်သည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်။

### လျှောက်လွှာတင်သွင်းရမည်

သင်တန်းတက်လိုသူသည် အထက်ပါလိပ်စာတွင် သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၂၀၀၀ ပေးသွင်း၍ ပြဋ္ဌာန်းထားသည့် လျှောက်လွှာပုံစံနှင့်အတူ လိုအပ်သည့် အထောက်အထားများကိုပူးတွဲလျက် ဇူလိုင် ၂၀ရက်မှ ဩဂုတ် ၂၇ရက်အထိ ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက် လျှောက်လွှာတင်သွင်းရမည်။ သတ်မှတ်ရက်လွန်ပြီးမှ တင်သွင်းလာသည့် လျှောက်လွှာများကို လက်ခံမည်မဟုတ်ကြောင်း၊ လိုအပ်ချက်မပြည့်စုံသည့်လျှောက်လွှာရှင်များကို သင်တန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

သင်တန်းဝင်ခွင့်စာမေးပွဲကို ၂၀၁၀ ခုနှစ် စက်တင်ဘာ ၁၉ရက်တွင် ကျင်းပမည်ဖြစ်ပြီး သင်တန်းတက်ခွင့်ရသူများစာရင်းကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၁ရက် မတိုင်မီ ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မေတ္တာကံဆောင် လဝါခေါင်

* ချောင်းရေကလျှံ ကန်ရေကတိုး
မိုးသမယ ဝါခေါင်လကား
သီဟရာသီ စန်းယှဉ်မှီတွယ်
ကြယ်သရဝဏ် ပွင့်မွန်ခတ္တာ
ရန့်ဖြာ၍ ခိုင်ညှာပွင့်ဖူး
ပဈွန်မြူးသည့် အခါတည်း။

* ဗုဒ္ဓမြတ်စွာ ဘဂဝါ၏
စဉ်လာခွင့်ပြု ဆွမ်းအမှုကံ
စာရေးတံပွဲ ဆင်နွဲကြကာ
ရှေးမြန်မာတို့ သလာကဘတ်
ဆက်ကပ်နှစ်စဉ် ဆွမ်းဘောဇဉ်ဖြင့်
ဘုရင်သူကြွယ် ကုန်သည်ပွဲစား
ပြည်သားပြည်သူ ကုသိုလ်ယူကာ
ထေရ်သံဃာအား သဒ္ဓါကြည်ဖြူ
ပင့်ဖိတ်လှူကြ ပြုဒါနသည်
မြန်မာ့ဓလေ့ စဉ်လာတည်း။

* ရဟန်းငါးရာ ဘာဝနာစီးဖြန်း
ကမ္မဋ္ဌာန်းမှု ပြုကြသောခါ
တောဝနာတွင်း မှီတင်းမှီခို
နဂိုရှိရင်း နတ်ခပင်းများ
သီးခြားရုပ်မျိုး အနံ့ဆိုးဖြင့်
တွန်းထိုးခြောက်လှန့် ဟန့်တားပိတ်ပင်
ဆန့်ကျင်သောခါ ဘဂဝါဗုဒ္ဓ
မြွက်ဆိုဟာသည့် မေတ္တာသုတ်ကို
ရွတ်ဆိုခါမှ ကြည်သာမြတ်လေး
ဘေးမခအောင် ကောင်းကျိုးဆောင်သည်
ကိုယ်စီ သောတာပန်၏တည်း။

* တစ်ဦးတည်းသာ ရင်မှာဖြစ်ရ
သားပုတ္တကို နှစ်လိုကြင်နာ
မာတာမိခင် သက်နှင့်ယှဉ်တွဲ
စောင့်ရှောက်မြဲသို့ ပို့သခါခါ
တိုင်းတာမရှိ ဖြစ်သည့်စိတ်မှာ
များသတ္တဝါကို ထိုထိုမေတ္တာ
ပွားသည့်ခါတွင် ကောင်းစွာအိပ်နိုး
ဘေးမျိုးကင်းပ ချမ်းသာရသည်
ဗုဒ္ဓမြတ်စွာ အလိုတည်း။ ။

**ဖိုးရန်နိုင်(ကျောက်ကြီး)**




# မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီကောလိပ်

## အမျိုးသားဘော်လီဘော ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကျင်းပ

**မုံရွာ ဩဂုတ် ၁၁**

မုံရွာဇုန် တက္ကသိုလ်၊ ဒီဂရီ၊ ကောလိပ် အမျိုးသား ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂ရက် နံနက် ၈နာရီက မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြအောင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ မုံရွာစီးပွားရေးတက္ကသိုလ် တာဝန်ခံ ပါမောက္ခချုပ် ဦးအောင်မြင့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

### ရုပ်သိမ်း

ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဦးအောင်မြင့်(**အပေါ်ပုံ**)က အဖွင့် မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲဝင် အားကစားသမားများက သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

### ပါဝင်

အဆိုပါ ပြိုင်ပွဲတွင် မုံရွာတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ ရွှေဘိုဒီဂရီကောလိပ်အသင်း ငါးသင်း ပါဝင်ပြီး ပြိုင်ပွဲကာလမှာ ဩဂုတ် ၂ရက်မှ ၇ရက် အထိ ဖြစ်သည်။

### အနိုင်ရရှိ

ကွင်းဖွင့်ပွဲ အခမ်းအနားတွင် မုံရွာစီးပွားရေးတက္ကသိုလ်အသင်းနှင့် ရွှေဘိုဒီဂရီကောလိပ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ မုံရွာစီးပွားရေးတက္ကသိုလ်အသင်းက ရွှေဘိုဒီဂရီကောလိပ်အသင်းကို သုံးပွဲ-နှစ်ပွဲနှင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
## အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၁ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၂၈၂၈ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၁၃၈၆ဦး ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အီရတ်ပြည်သူများ | ၇၀၂၈၂၈ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ | ၁၂၇၁၃၈၆ ဦး |

(အင်တာနက်)



## အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်
## အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

**အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု**

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဩဂုတ် ၁၁ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၀၇၂ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၃၉၆၇၆ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁။ | သေဆုံးသူ အာဖဂန်ပြည်သူများ | ၃၃၀၇၂ ဦး |
| ၂။ | အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ | ၃၉၆၇၆ ဦး |

(အင်တာနက်)

## အီရတ်နိုင်ငံတွင်ဗုံးပေါက်ကွဲ၊ နှစ်ဦးသေ၍ ၁၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ဩဂုတ် ၉ရက် နံနက်ပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဘဂ္ဂဒက်မြို့အနောက်ပိုင်း ကီလိုမီတာ ၅၀ကွာဝေးသော ဖေလူဂျာမြို့ အယ်ရှပ်တာဒေသ အန်ဘာပြည်နယ်ကျောင်းအနီးရှိ ကားပါကင်တွင်လည်း ဗုံးပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး ၁၈ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဖော်ပြ**

အဆိုပါနည်းတူ ဘဂ္ဂဒက်မြို့ရှိ ဘတ်စ်ကားပါကင်တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကားသုံးလေးစီး ပျက်စီးခဲ့သည်။ ဘဂ္ဂဒက်မြို့အရှေ့မြောက်ပိုင်း ကီလိုမီတာ ၈၀ ကွာဝေးသော အဘတ်ဆာဒါမြို့ရှိ အိမ်အပြင်ဘက်တွင် ဗုံးပေါက်ကွဲခဲ့ရာ ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့၏ပြောကြားချက်ကို ကိုးကား၍ ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

## အီရတ်အကြမ်းဖက်မှုများ မြင့်တက်လာဖွယ်ရှိ

*ဘဂ္ဂဒက် ဩဂုတ် ၁၁*

*ယခု ရက်သတ္တပတ်နှောင်းပိုင်း အီရတ်နိုင်ငံ၏ဥပုသ်လအတွင်း အီရတ်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ အရှိန်မြင့် လုပ်ဆောင်လာနိုင်ဖွယ်ရှိသည်ဟု ဩဂုတ် ၉ရက်တွင် အမေရိကန်ရုံးအဖွဲ့က ကြိုတင်ခန့်မှန်းထားသည်။*

*အီရတ်နိုင်ငံ၌ ပြီးခဲ့သည့် ရက်သတ္တပတ်က အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သေဆုံးမှု အများဆုံးဖြစ်ပေါ်ခဲ့ပြီး နောက်တစ်ရက်တွင် ယင်းသို့ သတိပေးပြောကြားခြင်းဖြစ်သည်။*

*ဝေဖန်*

*အီရတ်နိုင်ငံ ရွေးကောက်ပွဲပြီးသည့် ငါးလကျော်ကာလတွင် အကြမ်းဖက်မှုများ ပိုမိုဖြစ်ပေါ်လာခြင်းအတွက် အစိုးရအပေါ် ပြစ်တင်ဝေဖန်လျက်ရှိသည်။*

*ရောက်ရှိ*

*အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားသေဆုံးမှုကို ကာကွယ်ရန် အမေရိကန်စစ်ဘက်ဆိုင်ရာ မအောင်မြင်ကြောင်း၊ နှစ်နှစ်ကျော်ကာလအတွင်း အရပ်သားသေဆုံးမှုသည် ဇူလိုင်လအတွင်း၌ အမြင့်ဆုံးသို့ရောက်ရှိခဲ့ကြောင်း မီဒီယာများက သတင်းထုတ်ပြန်သည်။*

*အမ်အင်န်အေ၊ ဆင်ဟွာ*

**ကားဗုံး ပေါက်ကွဲ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



အာဖဂန်နစ္စတန်နိုင်ငံ၌ တိုက်ခိုက်မှုများ ဖြစ်ပွားနေသဖြင့် စစ်ပြေးဒုက္ခသည်စခန်းကို ကဘူးလ်မြို့အပြင်၌ ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

## အာဖဂန်အရပ်သားများ သေဆုံးမှုမြင့်တက်
## ကုလသမဂ္ဂထုတ်ပြန်ကြေညာချက်တွင် ဖော်ပြ

*ကဘူးလ် ဩဂုတ် ၁၁*

*အာဖဂန်အရပ်သားများ သေဆုံးမှုသည် ယခုနှစ်ပထမခြောက်လအတွင်း ၃၁ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဩဂုတ် ၁၀ရက်က ကုလသမဂ္ဂထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။*

*တာလီဘန်နှင့် အစိုးရဆန့်ကျင်ရေး တိုက်ခိုက်မှုများကြောင့် အရပ်သားများ သေဆုံးမှု မြင့်တက်လျက်ရှိကြောင်း၊ ၂၀၀၉ခုနှစ်နှင့် ၂၀၁၀ခုနှစ် ပထမခြောက်လအတွင်း နှိုင်းယှဉ်ကြည့်ရာတွင် ၃၁ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်၌ ဖော်ပြသည်။*

*ဖော်ပြ*

*၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇွန် ၃၀ရက်အထိ အာဖဂန်အရပ်သား၁၂၇၁ဦး သေဆုံးခဲ့ရပြီး ၁၉၉၇ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ကုလသမဂ္ဂထုတ်ပြန်ကြေညာချက်၌ ဖော်ပြသည်။*

*စစ်သွေးကြွ တိုက်ခိုက်ရေးသမားများက လက်လုပ်ဗုံးများဖြင့် တိုက်ခိုက်မှု အရှိန်မြှင့်တင်လုပ်ဆောင်လာ၍ အရပ်သားသေဆုံးမှုများ တိုးလာခြင်း ဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြသည်။ (အင်တာနက်)*

## ကဘူးလ်မြို့လယ်၌ ဗုံးခွဲ၊ အာဖဂန်ငါးဦးသေဆုံး

ကဘူးလ် ဩဂုတ် ၁၁

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့လယ်၌ ဩဂုတ် ၁၀ရက်က အသေခံဗုံးခွဲတိုက်ခိုက်သူနှစ်ဦး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သား ငါးဦးသေဆုံးခဲ့ရကြောင်း ရဲအဖွဲ့ကပြောကြားသည်။

အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးသည် ကဘူးလ်မြို့ရှိ နိုင်ငံခြားသားများအသုံးပြုသော အိမ်ရာစခန်းဂိတ်ဝကို အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ သုံးဦးသေဆုံးခဲ့ရကြောင်း၊ ဒုတိယဗုံးခွဲတိုက်ခိုက်မှုမှာ အဆိုပါအိမ်ရာစခန်းအတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမ်အင်န်အေ၊ ရိုက်တာ**

## အီရတ်-အာဖဂန်သတင်းများ



အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့အရှေ့ပိုင်း အဝေးပြေးလမ်းမပေါ်၌ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော လောင်စာဆီတင်ယာဉ်တစ်စီးကို ဩဂုတ် ၁၁ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## တာလီဘန်တို့ ခိုအောင်းခြေကုပ်ရာ ကန်ဒါဟာမြို့၌ စစ်ဆင်ရေးဆင်နွှဲ

**ကန်ဒါဟာ ဩဂုတ် ၁၁**

အာဖဂန်နစ္စတန်တောင်ပိုင်း တာလီဘန်များခြေကုပ်ရာဒေသဖြစ်သည့် ကန်ဒါဟာမြို့၌ ဩဂုတ် ၁၀ရက်က အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောအဖွဲ့တို့ ပူးပေါင်းစစ်ဆင်ရေး၌ တာလီဘန်လက်နက်ကိုင် ၁၀ဦးသေဆုံးပြီး အခြားနှစ်ဦးကို ထိန်းချုပ်ထားသည်ဟု ရဲတပ်ဖွဲ့ကပြောကြားသည်။

**ဆင်နွှဲ**

ကန်ဒါဟာမြို့၏ အနီးဝန်းကျင်ဒေသများကို ယင်းနေ့နံနက် ၄နာရီက အာဖဂန်ရဲတပ်ဖွဲ့၊ အာဖဂန်တပ်ဖွဲ့နှင့် နိုင်ငံစုံတပ်ဖွဲ့တို့ ပူးပေါင်းထိုးစစ် ဆင်နွှဲခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ စာဇာလ်အာမက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

**ဒဏ်ရာရ**

ယခင် တာလီဘန်တို့ကြီးစိုးရာ ကန်ဒါဟာမြို့၌ ဩဂုတ် ၈ရက် ညပိုင်းကလည်း လက်နက်ကြီးများဖြင့် အကြမ်းဖက် အရပ်သားခြောက်ဦး ပြင်းထန်စွာဒဏ်ရာ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ရရှိခဲ့သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

## အီရတ်နိုင်ငံ၌ ဗုံးခွဲတိုက်ခိုက်မှုများ တိုးပွား

ဘဂ္ဂဒက် ဩဂုတ် ၁၁

ယခုနှစ်အတွင်း အီရတ်နိုင်ငံအနှံ့အပြား၌ အကြမ်းဖက် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ တိုးပွားမြင့်တက်လျက်ရှိရာ ဩဂုတ် ၁၀ရက်က တိုက်ခိုက်မှုများအတွင်း ခုနစ်ဦး သေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိသည်။

**ဘဂ္ဂဒက်မြို့**

ဘဂ္ဂဒက်မြို့ ဂါဇာလီယာဒေသရှိ ရဲစခန်းကို ပစ်မှတ်ထားကာ ဗုံးဖောက်ခွဲတိုက်ခိုက်သဖြင့် သုံးဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိသည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ထပ်မံ၍ ဘဂ္ဂဒက်မြို့ ဇဟိုဘဏ်ညွှန်ကြားရေးမှူးအိမ်ကို သေနတ်သမားများပစ်ခတ်မှုကြောင့် ၎င်း၏ကိုယ်ရံတော်အပါအဝင် သုံးဦးဒဏ်ရာရရှိသည်။ အဘူဂါရတ်ဘ်ဒေသနှင့် မိုလ်တာကာဒေသ၌ ဗုံးပေါက်ကွဲမှုကြောင့် လေးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာ ရရှိသည်။

မိုဆူးလ်မြို့၌ လက်လုပ်ဗုံးပေါက်ကွဲမှုကြောင့် ခြောက်ဦးဒဏ်ရာ ရရှိသည်။

(အင်တာနက်)

# နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

## ဗင်နွာတူကမ်းလွန်၌ အင်အားပြင်းငလျင်ထပ်မံလှုပ်ပြန်

*ဗင်နွာတူနိုင်ငံကမ်းလွန်၌ ဩဂုတ် ၁၀ရက်က ရစ်ချ်တာစကေး ၇ဒသမ ၃ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ပြီးနောက် ဩဂုတ် ၁၁ရက်နံနက်က ရစ်ချ်တာစကေး ၆ဒသမ ၂ရှိ ငလျင်ထပ်မံလှုပ်ခဲ့ကြောင်း၊ ပျက်စီးမှုမရှိကြောင်း သိရသည်။*

## တောင်ကိုရီးယားသို့ မုန်တိုင်းဝင်ရောက်တိုက်ခတ်

*တောင်ကိုရီးယားနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသများသို့ ဩဂုတ် ၁၁ရက် နံနက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ရာ သုံးဦးသေဆုံးပြီး နေအိမ်နှင့်ကားများ ပျက်စီးကာ ရေယာဉ်ခရီးစဉ်များလည်း ဖျက်သိမ်းထားရကြောင်း တောင်ကိုရီးယား အရာရှိများက သတင်းထုတ်ပြန်သည်။* **(အောက်ပုံ)**



## တူရကီအရှေ့တောင်ပိုင်း၌ ရေနံပိုက်လိုင်းတိုက်ခိုက်ခံရ

*တူရကီနိုင်ငံအရှေ့တောင်ပိုင်းတွင် ဩဂုတ် ၁၁ရက် နံနက်က လက်နက်ကိုင်များတိုက်ခိုက်မှုကြောင့် ရှစ်ဦးသေဆုံးခဲ့ပြီး ရေနံပိုက်လိုင်းမီးလောင်ပျက်စီးခဲ့ကြောင်း ဩဂုတ် ၁၁ရက်က သတင်းထုတ်ပြန်သည်။*

## လော့စ်အိန်ဂျလိစ်၌ ကားသုံးစီးတိုက်မှုဖြစ်ပွား

*အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဩဂုတ် ၁၁ရက်က ကားသုံးစီး ဆင့်ကဲ တိုက်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး ဒဏ်ရာရရှိခဲ့သူများကို ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း သတင်းထုတ်ပြန်သည်။*

## ဂါဇာအတွက် အာရပ်အဖွဲ့ချုပ်မှ ရိက္ခာထောက်ပံ့

*ဆေးဝါးနှင့်စားနပ်ရိက္ခာပြတ်တောက်လျက်ရှိသည့် ဂါဇာကမ်းမြောင်ဒေသ ပြည်သူများအား အာရပ်အဖွဲ့ချုပ်မှ ကူညီထောက်ပံ့ရေး ယာဉ်တန်းတစ်ခုကို အာရပ်အဖွဲ့ချုပ်က ဩဂုတ် ၁၁ရက်က စေလွှတ်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။*

## အီရန်နိုင်ငံသားအချို့ ကင်ညာ၌ ဖမ်းဆီးခံရ

*ကင်ညာနိုင်ငံ မွမ်ဘာဆာမြို့တွင် တရားမဝင်ရောက်ရှိလာသည့် အီရန် ၁၀ဦးကို ကင်ညာရဲတပ်ဖွဲ့က ဩဂုတ် ၁၁ရက်၌ ဖမ်းဆီးလိုက်ကြောင်း သတင်းထုတ်ပြန်သည်။*

## အမေရိကန်၌ လေယာဉ်ပျက်ကျ

*အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ဒယ်လန်ဟမ်မြို့မြောက်ဘက်တွင် ဩဂုတ် ၁၁ရက် နံနက်က လူရှစ်ဦးလိုက်ပါလာသောလေယာဉ်တစ်စင်း မတော်တဆ ပျက်ကျခဲ့ရာ လိုက်ပါလာသူအားလုံး သေဆုံးခဲ့ကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။*

## အီရန်နှင့်ကမ္ဘောဒီးယား နယ်ပယ်စုံပူးပေါင်းရန်သဘောတူ

*အီရန်နှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေးနှင့် စစ်ဘက်ရေးရာအပါအဝင် နယ်ပယ်ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ရန် ဩဂုတ် ၁၁ရက်၌ သဘောတူလက်မှတ် ရေးထိုးကြောင်း သတင်းထုတ်ပြန်သည်။*

## ပိုလန်က ရုရှားသို့ မီးသတ်ရဟတ်ယာဉ်စေလွှတ်

*ရုရှားနိုင်ငံတွင် အဆက်မပြတ် လောင်ကျွမ်းနေသော တောမီးများကို ဝိုင်းဝန်း ငြိမ်းသတ်ရန်အတွက် ပိုလန်နိုင်ငံက မီးသတ်ရဟတ်ယာဉ်တစ်စင်း အကူအညီပေး လိုက်ကြောင်း ရုရှားကပြောကြားသည်။ ။* (အင်တာနက်)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် ဇူလိုင် ၃၀ရက်က ဘူးသီးတောင်မြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် ဘူးသီးတောင်-မောင်တော ကားလမ်းပေါ်ရှိ တံတားများ ပြုပြင်မွမ်းမံတည်ဆောက်ထားမှုနှင့် တံတားကြံ့ခိုင်မှု အခြေအနေ၊ ဘူးသီးတောင်-မောင်တော ကားလမ်းတစ်လျှောက် ကျွန်းစိုက်ခင်းများ၊ မောင်တောမြို့နယ် ငခူရကျေးရွာ၌ မိုးစပါးစိုက်ပျိုးထားမှုနှင့် မောင်တော-ဗန္ဓုလကားလမ်းတစ်လျှောက် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်သိမ်း ထားဝယ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသော သား၊ ငါးကဏ္ဍ တိုးတက်မွေးမြူထုတ်လုပ်ဆောင်ရွက်ရေး ဆွေးနွေးပွဲတွင် ဆွေးနွေးမှာကြားစဉ်။ (မွေး/ရေ)

# သား၊ ငါးကဏ္ဍ တိုးတက်ထုတ်လုပ်ရေး ဝန်ကြီး ဦးမောင်မောင်သိမ်း ဆွေးနွေးမှာကြား

ရန်ကုန် ဩဂုတ် ၁၁

**မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဦးမောင်မောင်သိမ်းသည် ဩဂုတ် ၈ရက် မွန်းလွဲပိုင်းက တနင်္သာရီတိုင်း ထားဝယ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၌ ကျင်းပသော သား၊ ငါးကဏ္ဍတိုးတက် မွေးမြူထုတ်လုပ်ဆောင်ရွက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး ရေလုပ်ငန်းကဏ္ဍ ထုတ်လုပ်မှုမြှင့်တင်ရေး၊ မွေးမြူရေးကဏ္ဍ၊ ဇီဝလုံခြုံမှုနှင့် ရောဂါကြိုတင်ကာကွယ်ရေး၊ အသားကဏ္ဍမှ ပို့ကုန်ဝင်ငွေတိုးတက်အောင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ဆက်လက်၍ တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးလှထွန်းနှင့် တာဝန်ရှိသူများ၊ မွေးမြူရေး လုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဝန်ကြီးသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမဆောင်၌ ကျင်းပသည့် သား၊ ငါးမွေးမြူ/ဖမ်းဆီးထုတ်လုပ်မှု တိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက် အမှာစကား ပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆန်စပါးလုပ်ငန်းအသင်းခွဲ သာကေတမြို့နယ်၌ ဖွဲ့စည်း

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ဆန်စပါးလုပ်ငန်းအသင်း မြို့နယ်အသင်းခွဲ ဖွဲ့စည်းခြင်း အခမ်းအနားကို ဇူလိုင် ၃၁ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အတွင်းရေးမှူး ဒေါ်သန်းသန်းဌေးက အမှာစကားပြောကြားသည်။

**ပေးအပ်**

ဆက်လက်၍ မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း(ဗဟို) ဖွဲ့စည်းရေးတာဝန်ခံ ဒေါက်တာ စိုးထွန်းနှင့်အဖွဲ့က သာကေတမြို့နယ်ဆန်စပါးလုပ်ငန်းအသင်းခွဲကို ဖွဲ့စည်းပေးကြရာ ဥက္ကဋ္ဌအဖြစ် ဆန်လုပ်ငန်းရှင် ဦးငွေဦး၊ အတွင်းရေးမှူး ဦးရန်နိုင်အောင်တို့ အပါအဝင် ၁၅ဦးအား စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးပြီး မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း (ဗဟို) ဖွဲ့စည်းရေးတာဝန်ခံ ဒေါက်တာ စိုးထွန်းက မြို့နယ်အသင်းခွဲဥက္ကဋ္ဌ ဦးငွေဦးသို့ အသင်းဝင်လျှောက်လွှာများနှင့် အသင်းအဖွဲ့မှတ်တမ်း စည်းမျဉ်းများကို ပေးအပ်ကြသည်။ **(အောက်ပုံ)** (၁၁၆)





## လှူဒါန်း

မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း အမှတ် ၅၈၀နေ ဒေါ်ညွန့်ညွန့်ဦး၊ သမီး မမြတ်သီရိကျော်၊ သား ဒေါက်တာဖွဲ့သီဟကျော် မိသားစုက (ဦးဘမောင်ချိန်-ဒေါက်တာဒေါ်သန်းဌေး)၊ ခင်ပွန်း ဦးအောင်ကျော်အေးနှင့် ဘိုးဘွားမိဘ၊ မောင်နှမများအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေးနှင့်အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့ လက်ခံယူစဉ်။ (ကင်ဆာဖောင်ဒေးရှင်း)



မူဆယ်မြို့ အမှတ်(၂) ဈေးအတွင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဈေးရုံများ၊ အသားရောင်းရုံ၊ အများသုံး အိမ်သာများနှင့် ရေနုတ်မြောင်းများအတွင်း ခြင်ဆေးဖျန်းခြင်းကို ဩဂုတ်၂ရက်က ဒုတိယဦးစီးမှူး (ဈေး)ဦးအောင်မြင့်ထွန်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား

၁၂-၈-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ မဟာဂန္ဓာရုံမှာ ဆရာဒကာညီညွတ်စွာ
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၅ ၅။ မျိုးချစ်တပ်မတော်
၇:၄၀ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၄၅ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၅၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေး တေးကဗျာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၄၀ ၄။ အမျိုးသားရေးတေးကဗျာ
၄:၄၅ ၅။ မွေးမြူသုတ
၄:၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅:၁၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ လျှပ်တစ်ပြက်
၆:၃၀ ၁၂။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆:၄၅ ၁၃။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း-၃၈)
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့သူရဲ့ကောင်း** (အပိုင်း-၄၀)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ အနုပညာရှင်၏တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဉ္စလက်ပုံရိပ်** (အပိုင်း-၃)
၂၃။ ဂီတရင်ခုန်သံ

# ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကသာမြို့နယ် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲတက်ရောက်

## ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ စိုက်ပျိုးရေး၊ ပညာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် ဩဂုတ် ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၇ရက် နံနက်ပိုင်းတွင် ကသာမြို့နယ် ပြည်သာယာကျေးရွာ လယ်မြေ၌ ကျင်းပသည့် မိုးစပါး စုပေါင်းစိုက်ပျိုးပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား ဆုငွေပေးအပ်ချီးမြှင့်သည်။**





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး ကန့်ဘလူမြို့နယ် ငှက်ပျောဒိုင်းပင်မခတ်အားခွဲရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒေသခံပြည်သူများနှင့် တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ကျေးရွာများ၏ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကိစ္စရပ်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ပဲမျိုးများနှင့် စပါးမျိုးနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

### တက်ရောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာမြို့နယ် ကမ်းနားလမ်း ကွန်ကရစ်မြေထိန်းနံရံ ဆောင်ရွက်ထားရှိမှုကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ငါးလုပ်ငန်းဦးစီးဌာနက ကျင်းပသည့် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးသည်။

### ငါးမျိုးစိုက်ထည့်ပေး

ဆက်လက်၍ တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက မြစ်အတွင်းသို့ ငါးမျိုးသားပေါက်များကို စိုက်ထည့်ပေးကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးက ငါးမျိုးသားပေါက် နမူနာများကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာမြို့နယ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ကျွန်းပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး သာအေးနှင့် တိုင်းမှူးတို့သည် ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ သစ်ပင်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

### ဖြတ်သန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကသာ-အင်းတော်-နန့်စီးအောင် လမ်းပိုင်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အင်းတော်မြို့နယ် နဘားကျေးရွာအနီး၌ နဘားဓာတ်အားခွဲရုံ တည်ဆောက်နေမှုနှင့် အင်းတော်မြို့နယ် ဖက်ဆွတ်ကြိုးဝိုင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကသာ-အင်းတော်-ဝန်းသို လမ်းပိုင်းအခြေအနေများ၊ လမ်းဘေးဝဲယာ တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများနှင့် ကျွန်းစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဝန်းသိုမြို့နယ်သို့ ရောက်ရှိကာ အာမခံကျေးရွာ၌ ကျင်းပသည့် ဝန်းသိုမြို့နယ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ အထိမ်းအမှတ်ယူကလစ်ပျိုးပင်ကို စိုက်ပျိုးပေးသည်။ ဆက်လက်၍ တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

### ပေးအပ်

ယင်းနောက် ဝန်းသိုမြို့နယ် နယ်မြေခံ တပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ အရာခံ၊အကြပ်စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံမှာကြား၍ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

### မှာကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ရက်တွင် ကန့်ဘလူမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ကန့်ဘလူမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်၍ သတ်မှတ်နေရာ၌ အထိမ်းအမှတ်သစ်ပင်ကို စိုက်ပျိုးပေးသည်။ ထို့နောက် တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများက သစ်ပင်များကို စိုက်ပျိုးပေးကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့် တိုင်းမှူးတို့က ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ဆက်လက်၍ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး သင်ကြားရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးသည် ကန့်ဘလူမြို့ မဟာရွှေစည်ကြီး စေတီတော်အား ဖူးမြော်ကြည်ညိုပြီး လိုဏ်ဂူတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဆွမ်း၊ ရေချမ်း၊ ပန်းနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကာ စေတီတော်စစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ခင်ဦးမြို့နယ် လယ်လှို့ရွာသို့ရောက်ရှိကာ ပဲစင်းငုံနှင့် ပဲတီစိမ်းသီးညှပ်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ဆက်လက်၍ ရွှေဘိုမြို့ အုန်းပေါက်ကျေးရွာသို့ ရောက်ရှိကာ

အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်သူငယ်တိုးချဲ့မြို့ရေပေးဝေရေးလုပ်ငန်းသို့လည်းကောင်း၊ ကန့်ဘလူမြို့ စိန်တစ်လုံး သရက်ဧက ၁၀၀၀ စိုက်ပျိုးမည့် မြေနေရာသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကန့်ဘလူမြို့နယ် ခုတင် (၁၀၀)ဆံ့ ဆေးရုံသို့ သွားရောက်ကာ ဆေးရုံတက်လူနာများအား အားပေးစကား ပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ကန့်ဘလူ- ခင်ဦး- ရွှေဘိုလမ်းပိုင်းအခြေအနေများ၊ လမ်းဘေးဝဲယာ တစ်လျှောက်ရှိ ကျွန်းစိုက်ခင်းများ၊ ကုံ၊ ပြောင်းနှင့် နှမ်းစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းနေမှုနှင့် သစ်တောဦးစီးဌာန၏ ကျွန်းစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ကန့်ဘလူမြို့နယ် ငှက်ပျောဒိုင်းပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိ ငွေချည်(၆) ဝါစိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ယင်းနောက် စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးလုပ်ငန်းအထူးအဖွဲ့ (၁၄)က တာဝန်ယူ တည်ဆောက်နေသည့် ရတနာသိဃ်တံတားချဉ်းကပ်လမ်း ဖောက်လုပ်ရန် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားကာ လုပ်ငန်းခွင် ရှင်းလင်းဆောင်မှနေ၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးအား ရှင်းလင်းဆောင်၌ အထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် တာဝန်ရှိသူတို့က လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နေပြည်တော်အထူးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဝန်ကြီး ဦးသိန်းအောင် ကွင်းဆင်းစစ်ဆေး





### ကြည့်ရှုစစ်ဆေး

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လုပ်ကွက်ကြီး ခုနစ်ခုရှိသော ပျဉ်းမနား ထင်းကြိုးဝိုင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

နေပြည်တော် ဩဂုတ် ၁၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင်သည် ဩဂုတ် ၁၀ရက် ညနေပိုင်းတွင် နေပြည်တော်အထူး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် လုပ်ကွက်ကြီး ခုနစ်ခုရှိသော ပျဉ်းမနား ထင်းကြိုးဝိုင်းအတွင်း ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း ဧက ၁၀၀၀၌ ယာဉ်ယန္တရားများဖြင့် ကျင်းတူးစိုက်ပျိုးနေမှု၊ လုပ်ကွက် (၁)၌ အပင်များစိုက်ပျိုးပြီးစီးမှုနှင့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၄၀၀၌ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းတွင် သစ်မျိုးစုံစိုက်ပျိုးရေးနှင့် မိုးရာသီအမီ လုပ်ငန်းလျာထားချက်ပြည့်မီရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ နေပြည်တော် ဥတ္တရသီရိမြို့နယ် လုပ်ကွက်ကြီး ၁၁ခုအတွင်း ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း ဧက၁၀၀၊ ရေဝေရေလဲ စိုက်ခင်းထူထောင်ခြင်း ဧက ၂၅၀နှင့် ဓမ္မတာမျိုးဆက်ခြင်း ဧက ၃၀၀လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

### ကြိုးပမ်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ နေပြည်တော်အတွင်း အလေးထားဆောင်ရွက်လျက်ရှိသော အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**

**မြန်မာ့အလင်း ကမ္ဘာတစ်လွှားထူးခြားဆန်းပြား**

## နံနက်စာအဖြစ် မီးလုံးစားရမှ ကျေနပ်သူ

○ ကောင်းမြတ်သူ-ရေးသားသည် ○



*ပေကျင်း ဩဂုတ် ၁၁*

*တရုတ်နိုင်ငံ စီချွမ်ပြည်နယ် လင်ရှူးဒေသမှ တရုတ်အမျိုးသားတစ်ဦးသည် နေ့စဉ် နံနက်စာအဖြစ် မီးလုံးတစ်လုံးကို ဝါးစား နေကြောင်း၊ တစ်လလျှင် အနည်းဆုံး မီးလုံး ၂၅လုံး ဝါးစားနေကြောင်း၊ မီးလုံးများစားနေသော်လည်း ကျန်းမာရေးထိခိုက်ခြင်း မရှိကြောင်း ရှင်းကျောက်ဆေးရုံမှ ဆရာဝန်များက ပြောကြားသည်။*

*ဝါးစား*

*အသက် ၅၂ နှစ် အရွယ်ရှိပြီဖြစ်သော မစ္စတာဝမ်ဂျွန်သည် အသက် ၁၂နှစ် အရွယ်မှစပြီး မီးလုံးများ နံနက်စာအဖြစ်ဝါးစားခဲ့ရာ အနှစ် ၄၀အတွင်း မီးလုံး ၁၀၀၀ ကျော်စားခဲ့ကြောင်း ၎င်းက ပြောကြားသည်။*

*အရသာရှိ*

*၎င်းအနေဖြင့် မီးလုံးမစားရလျှင် မနေနိုင်တော့ကြောင်း၊ တစ်ခုခုဖြစ်လာမည်ကိုမှု အလွန်စိုးရိမ်မိကြောင်း၊ ၎င်း၏စရိုက်ဆိုးကို ဇနီးကလည်း လက်မခံကြောင်း၊ သို့သော် ထိုအကျင့်ကို မစွန့်လွှတ်နိုင်ကြောင်း၊ မီးလုံးစားရသည်မှာ အရသာရှိကြောင်း ၎င်းကပြောကြားသည်။*

*(အင်တာနက်)*



# မိုးစပါး တိုက်ရိုက်မျိုးစေ့ချ သရုပ်ပြစိုက်ပျိုးပွဲအခမ်းအနား

## တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

နေပြည်တော် ဩဂုတ် ၁၁

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် ဩဂုတ် ၄ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့၌ကျင်းပသည့် မိုးစပါး တိုက်ရိုက်မျိုးစေ့ချ သရုပ်ပြစိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ဝဲပုံ)**

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ရှေးဦးစွာ တိုင်းမှူးနှင့် အခမ်းအနားတက်ရောက်လာသူများသည် လယ်မြေအတွင်း မိုးစပါးသရုပ်ပြစိုက်ပျိုးမှုကို ကြည့်ရှုအားပေးကြ၍ တိုင်းမှူးက ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ မိုးစပါး စုပေါင်းကောက်စိုက်နေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# သာကေတအထူးကုဆေးရုံနှင့် အမျိုးသမီးနှင့် ကလေးဆေးရုံကြီး

## ဝန်ကြီး ဒေါက်တာကျော်မြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဩဂုတ် ၈ရက် နံနက် ၉နာရီခွဲက ရန်ကုန်တိုင်း သာကေတမြို့နယ် အထူးကုဆေးရုံသို့ သွားရောက်၍ ပြုပြင်တည်ဆောက်ပြီးစီးမှု၊ လူနာများ ဆေးရုံတက်ရောက်ကုသမှုနှင့် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး** (ယာပုံ) **တည်ဆောက်မှုလုပ်ငန်းများနှင့် ဆက်လက်လုပ်ဆောင်မည့် အဆောက်အအုံနေရာများကို ကြည့်ရှုစစ်ဆေးရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။**

ထို့နောက် ပင်မဆောင်၌ ဝန်ကြီးက လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

**တွေ့ဆုံနှုတ်ဆက်**

ဆက်လက်၍ ဝန်ကြီးသည် တောင်ဥက္ကလာပမြို့နယ်ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံကြီးသို့ သွားရောက်၍ အမျိုးသမီးများနှင့် ကလေးများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး အရေးပေါ်ကုသဌာန၌ လူနာစောင့်များအား ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်အားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် အမျိုးသမီး လူနာကုသဆောင်၊ မီးယပ်နှင့် သားဖွားလူနာ ကုသဆောင်၊ ဓာတ်မှန်ဌာနရှိ ဓာတ်မှန် (X-ray)၊ တယ်လီဗွီးရှင်းဓာတ်မှန်စက် (Ultrasound)၊ အမျိုးသမီး လူနာကုသဆောင်၊ ကလေးဆေးကုသဆောင်၊ မွေးကင်းစ ကလေးကုသဆောင်၊ သားဖွားခန်း၊ မွေးပြီးလူနာကုသခန်း၊ ခွဲစိတ်ခန်း၊ဆေးရုံကြီး ရေဖြန့်ဝေရေးစနစ် တည်ဆောက်ထားရှိမှု အခြေအနေနှင့် သွေးလှူဘဏ်၌ သွေးသိုလှောင်ထားရှိ အသုံးပြုမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ယင်းနောက် ဝန်ကြီးက ဤဆေးရုံ အနေဖြင့် ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်များ၊ ဆေးတက္ကသိုလ်ကျောင်းသားကျောင်းသူများ၊ သားဖွားသင်တန်းသူများ လက်တွေ့သင်ကြားမှု ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်မွေးထုတ်ပေးနိုင်သည့် ပညာရပ်ဆိုင်ရာ ဆည်းပူးလေ့လာမှု အခွင့်အလမ်း ကောင်းမွန်သည့် ဆေးရုံကြီးဖြစ်၍ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စီစဉ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ထားရှိသွားရန် မှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အင်းစိန် အလက(၁)သို့ ကျောင်းသုံးပရိဘောဂများလှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၁**

အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအတွက် စာသင်ခုံ၊ ထိုင်ခုံများနှင့် စားပွဲများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၉ရက်က အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက ဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)က အမှာစကားပြောကြားပြီး အလှူရှင် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောဩဂတ်စတင်း **(အပေါ်ပုံ)** ဇနီး ဒေါ်ဂျိုက်စီလှစိန်နှင့် ပြည်ပရောက် ကျောင်းသား ကျောင်းသူဟောင်းသုံးဦးက ဒုတိယအကြိမ် ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ စာသင်ခုံ ၁၀စုံကို လှူဒါန်းသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာကြီးဦးမျိုးဆွေနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နီတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က စာသင်ခုံ ၁၀စုံ၊ မိဘများက စာသင်ခုံ ခြောက်စုံနှင့် ဆရာစားပွဲ၊ ကုလားထိုင် ငါးစုံတို့ကို မြို့နယ်ပညာရေးမှူး ဦးမျိုးဆွေ ထံသို့ ပေးအပ်လှူဒါန်းကြသည်။

(၁၁၃)

# အလိမ္မာ စာမှာရှိ

# ပေးအပ်လှူဒါန်း

**မသန်စွမ်းသူများအတွက် ဖွဲ့စည်းတည်ထောင်ထားသော ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)သို့ ဂျပန်နိုင်ငံ School of Rehabilitation Sciences at Fukuoka မှ Professor NARA NobuHiro က အလှူငွေကျပ် ငါးသိန်းကို ဩဂုတ်၂ရက်က လမ်းမတော်မြို့နယ် မြန်မာ့အလှတာဝါ(၂)ရှိ ဖောင်ဒေးရှင်းရုံးခန်းသို့ လာရောက်ပေးအပ်လှူဒါန်းရာ ရွှေမင်းသားဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမြတ်သူဝင်း လက်ခံယူစဉ်။**

(ဖောင်ဒေးရှင်း)





# ရေစီးရေလာကောင်းရေး

**ကျိုက်လတ်မြို့ တွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့တွင်း ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ရက်က ဒုတိယဦးစီးမှူး ဦးနေဝင်း ဦးဆောင်၍ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်သန်းဇော်နှင့် အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# Yangon Expo 2010 ကုန်စည်ပြပွဲ၌ မလေးရှားလျှပ်စစ်ပစ္စည်းများ ခင်းကျင်းပြသရောင်းချ



**ရန်ကုန် ဩဂုတ် ၁၁**

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ဩဂုတ် ၁၂ရက်မှ ၁၅ရက်အထိ ကျင်းပသည့် Yangon Expo 2010 ကုန်စည်ပြပွဲ၌ မလေးရှားနိုင်ငံလုပ် KHIND, MISTRAL MACO အမှတ်တံဆိပ် အဆင့်မြင့်လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းများကို ခင်းကျင်းပြသ ရောင်းချလျက်ရှိသည်။ **(အပေါ်ပုံ)**

Monarch Company Limited က မလေးရှားနိုင်ငံလုပ် KHIND အမှတ်တံဆိပ်နှင့် ဩစတြေးလျနိုင်ငံတွင် ကျော်ကြားသော MISTRAL အမှတ်တံဆိပ် အဆင့်မြင့် အိမ်သုံးလျှပ်စစ်ပစ္စည်းမျိုးစုံကို လွန်ခဲ့သော ၁၄နှစ်ကျော်ကာလမှစ၍ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများသို့ ဖြန့်ချိရောင်းချခဲ့သည်။

KHIND အမှတ်တံဆိပ် ပန်ကာနှင့်လျှပ်စစ်ပစ္စည်းများကို နှစ်ပေါင်း ၄၅နှစ်ကျော် အတွေ့အကြုံရှိသည့် မလေးရှားနိုင်ငံရှိ KHIND စက်ရုံကြီးမှ ထုတ်လုပ်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း၅၀ကျော်သို့ တင်ပို့ဖြန့်ချိလျက်ရှိသည်။

**စံချိန်စံညွှန်းမီ**

KHIND ပန်ကာများမှာ လှပသေသပ်ခိုင်ခံ့ပြီး အာမခံသက်တမ်းထက်ကျော်လွန်၍ နှစ်ရှည်ကြာစွာ သုံးရသည့်အတွက် KHIND တံဆိပ် သုံးစွဲသူများက အထူးကျေနပ်မှုရှိကြောင်း၊ Insect Killer (ခြင်ဖမ်းစက်)မှာ သုံးစွဲသူတိုင်း လက်ခံကြပြီး ဟိုတယ်၊ စားသောက်ဆိုင်၊ ရေထွက်ပစ္စည်းများထုပ်ပိုးသည့် အအေးခန်း၊ အလုပ်ရုံများ၊ ဆေးရုံ ဆေးခန်းများ၌ တွင်တွင်ကျယ်ကျယ် အသုံးပြုကြပြီး KHIND ဖုန်စုပ်စက် (Vacuum Cleaner) များမှာလည်း ရေရှည်အသုံးခံကြောင်း၊ ယခု NANO ကျန်းမာရေးအထောက်အကူပြု ပန်ကာများလည်း ထပ်မံရောက်ရှိလာပြီး NANO HYGTENEPAN တွင် ကျန်းမာရေး လေစစ်ကိရိယာ သုံးဆင့်ပါဝင်ကြောင်း၊ MISTRAL အမှတ်တံဆိပ်ဖြင့် နည်းပညာဆန်းသစ်သော ၃၆၀ဒီဂရီ ပတ်လည်လှည့်ပန်ကာနှင့် ဒီဇိုင်းအသစ် Tower Fan များ၊ ထမင်းပေါင်းအိုး၊ အသားကင်စက် (Oven Toaster)၊ မိုက္ကရိုဝေ့ဗ် အသားကင်စက် (Microwave Oven)၊ လျှပ်စစ်သံလိုက်မီးဖိုများ (Induction Cooker)၊ Glass Hob Gas Cooker (မှန်သားမျက်နှာပြင် ဂက်စ်မီးဖို)၊ Cooker Hood With Auto Cleaning (အလိုအလျောက် သန့်စင်စနစ်ပါ အညှော်စုပ်စက်)နှင့် အခြားအိမ်သုံး လျှပ်စစ်ပစ္စည်းမျိုးစုံ ဖြန့်ချိထားကြောင်း၊ MACO အမှတ်တံဆိပ် အဝတ်လျှော်စက်များ၊ ရေခဲသေတ္တာနှင့် Chest Freezer များမှာ စံချိန်စံညွှန်းမီ အရည်အသွေး အပြည့်အဝရှိပြီး မလေးရှားနိုင်ငံတွင် ထုတ်လုပ်၍ ကုမ္ပဏီမှ အာမခံနှစ်နှစ်ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

KHIND, MISTRAL နှင့် MACO အဆင့်မြင့်လျှပ်စစ်အိမ်သုံးပစ္စည်းများကို ကုန်စည်ပြပွဲကြီးတွင် စိတ်ကြိုက်ရွေးချယ် ဝယ်ယူနိုင်ပြီး ရန်ကုန်မြို့နှင့် အောက်မြန်မာပြည်အတွက် MACO Electronic (KHIND Digital World) Show-room အမှတ်၂၀၄ မြေညီထပ်စက်ရုံလမ်း (MOB) ဘဏ်ဘေး မင်္ဂလာဈေးအနီး တာမွေမြို့နယ် ဖုန်း-၂၀၅၁၃၀တွင်လည်း ဝယ်ယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

12-8 (07).pmd 1 8/12/2010, 3:05 AM




ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် အင်တောမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ရော်ဘာစိုက်ခင်းနှင့် ထန်းပင်စိုက်ပျိုးဖြစ်ထွန်းမှုများ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက အင်တောတပ်နယ်ခန်းမဆောင်၌ တပ်နယ်မိသားစုများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကျယ်တဝင့်မှာကြားပြီး စားသောက်ဖွယ်ရာများ၊ အားကစားပစ္စည်းများနှင့် သုတစုံစာစောင်များ ပေးအပ်သည်။**

**ပေးအပ်**

ယင်းနောက် အင်တောမြို့ခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံရာ တာဝန်ရှိသူတစ်ဦး၏ မြို့နယ်အခြေအနေ တင်ပြမှုအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး အားကစားပစ္စည်းများ၊ စားသောက်ကုန်နှင့် သုတစုံစာစောင်များ ပေးအပ်သည်။

ဆက်လက်၍ အင်တောမြို့ (၁၆)ခုတင်ဆံ့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ တိုင်းမှူးနှင့် ဗထူးတပ်နယ်မှူးတို့သည် လူနာများအား ရင်းရင်းနှီးနှီးအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

**ရော်ဘာစိုက်ခင်းစစ်ဆေး**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဗထူးတပ်နယ်မိသားစုများ စိုက်ပျိုးထားသည့် ရော်ဘာစိုက်ခင်းနှင့် ထန်းပင်စိုက်ပျိုးဖြစ်ထွန်းမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရပ်စောက်မြို့ နဂါးပတ်ချောင်း(ရေကြည်ချောင်း)ကမ်းပါးဝဲ၊ ယာကျောက်ရိုးစီမြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လိုအပ်သည်များ မှာကြားသည်။

**လှူဒါန်း**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် (၁၆)ခုတင်ဆံ့ ပင်ဖြစ်တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြား၍ ဆေးဝါးပစ္စည်းများနှင့် ဆေးပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ပိုင်းဒေသများ မိုးပိုလာဖွယ်

နေပြည်တော် ဩဂုတ် ၁၁

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**ဩဂုတ် ၁၂ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

# သက်ကြီးရွယ်အိုများအား အိမ်တိုင်ရာရောက် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်

နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန နေပြည်တော်ခရိုင် ခရိုင်တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (နေပြည်တော်ခရိုင်အသင်းခွဲ)တို့ပူးပေါင်း၍ ဩဂုတ် ၈ရက်က နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာသို့ ကွင်းဆင်း၍ ဇီဝိတဒါန ဆေးဝါးများလှူဒါန်းကာ တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်ခဲ့သည်။

အဆိုပါ ကွင်းဆင်းဆေးကုသရာတွင် ခရိုင်တိုင်းရင်းဆေးမှူးနှင့် ဆရာဆရာမများက သက်ကြီးရွယ်အို ဘိုးဘွားမိဘများအား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြရာ ဘိုးဘွား ၃၆ဦးနှင့် ရွာသူ ရွာသား ၁၀၂ဦးတို့အား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ **(ခရိုင်တိုင်းရင်းဆေး)**

# စွမ်းရည်မြှင့်တင်မှုသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဩဂုတ် ၁၁

BCB Centre မှ လုပ်ငန်းခွင်သို့ တာဝန်ထမ်းဆောင်ရန် ကြိုတင်ပြင်ဆင်နေသော ဘွဲ့ကြို/ဘွဲ့ရများနှင့် လုပ်ငန်းခွင်တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရည်ရွယ်၍ မိမိတို့၏ စွမ်းရည်ကို မြှင့်တင်နိုင်မှုရှိစေရန်နှင့် တာဝန်ထမ်းဆောင်နိုင်မှု စွမ်းရည်တိုးတက်လာစေရန်အတွက် Capacity Enhancement Program ကို ဩဂုတ် ၁၆ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်ကြားမည့် အကြောင်းအရာများမှာ Business Ethics & Etiquette (စီးပွားရေးရာ ကိုယ်ကျင့်တရားနှင့် ကျင့်ဝတ်)၊ Self - Management (မိမိကိုယ်ကို စီမံခန့်ခွဲခြင်း)၊ Leadership Skills (ခေါင်းဆောင်မှုစွမ်းရည်)၊ Communication Skills & Public Speaking (ဆက်သွယ်မှုစွမ်းရည်နှင့် လူအများရှေ့ စကားပြောခြင်း)၊ Emotional Quotient (စိတ်ပိုင်းဆိုင်ရာ အရည်အသွေး)၊ Health & Education (ကျန်းမာရေးဆိုင်ရာ အသိပညာ)၊ Power Point Presentation Skill (ထိရောက်သော စီစဉ်တင်ဆက်မှုများ ပြုလုပ်တတ်စေရန်)၊ Office Management (ရုံးလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲခြင်း)တို့ဖြစ်သည်။

**သင်ကြားပို့ချမည်**

သင်တန်းကာလမှာ နှစ်လဖြစ်ပြီး သင်တန်းချိန်မှာ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီ (တနင်္လာနေ့မှ သောကြာနေ့) အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Business Capacity Building (BCB) Centre အခန်း ၄၀၅ ပန်းခြံတာဝါ အမှတ် (၈) ဗားကရာလမ်းနှင့် ဓမ္မစေတီလမ်းထောင့် မြေနီကုန်း ရန်ကုန်မြို့ ဖုန်း-၅၃၈၅၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တံတားများ ဆောက်လုပ်ခြင်းဆိုင်ရာ နည်းပညာဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Road & Bridge Engineering Technical Division က ကြီးမှူးကျင်းပသော Construction Methods and Procedure in Bridge Construction အကြောင်း ဟောပြောပွဲကို ဩဂုတ် ၁၄ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အငြိမ်းစား အင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်က တံတားဆောက်လုပ်ပုံနည်းစနစ်နှင့် လုပ်ထုံးလုပ်နည်း အဆင့်ဆင့်အကြောင်းကို ဟောပြောဆွေးနွေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု နမ့်ခမ်း၌ကျင်းပ

နမ့်ခမ်း ဩဂုတ် ၁၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၄ရက် နံနက် ၁၁နာရီက ပြည်သူ့ဆေးရုံ၌ကျင်းပရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဦးကြည်က ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးနေ့ ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကိုယ်ဝန်ဆောင်များနှင့် မိခင်လောင်းများ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

မြင့်မောင်စိုး - စုစည်းသည်

# အနောက်အာဖရိက၌ ရေကြီး လူ ၁၀၀ခန့် သေဆုံးခဲ့ရ

ဒါကာ ဩဂုတ် ၁၁

အနောက်အာဖရိကဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းပြီး နိုင်ဂျာမြစ် ရေကြီးမှု ဖြစ်ပေါ်ခဲ့သဖြင့် လူပေါင်း ၁၀၀နီးပါး သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၁ရက်တွင် ပြောကြားသည်။

အဆိုပါ မြစ်ရေကြီးမှုကြောင့် လူပေါင်း ငါးထောင်ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရပြီး သီးနှံစိုက်ခင်းများလည်း ပျက်စီးသွားကြောင်း၊ ဆာဟယ်ဒေသ၌ လူသန်းပေါင်းများစွာတို့ အစာရေစာပြတ်လပ်နေကြောင်း၊ ယင်းမှာပြီးခဲ့သည့်နှစ်က မိုးခေါင်မှုဒဏ်ခံရ၍ဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာအစီအစဉ်က ပြောကြားသည်။ **(အောက်ပုံ)**

**အမ်အင်န်အေ၊ ရိုက်တာ**





# ရုရှားနိုင်ငံ ချာနိုဘိုင်းဒေသ တောမီးမလောင်ရန် ကြိုးပမ်းနေ

မော်စကို ဩဂုတ် ၁၁

ရုရှားနိုင်ငံ၌ တစ်ချိန်က နျူကလီးယားပေါက်ကွဲမှု မတော်တဆဖြစ်ပွားခဲ့ရာ ချာနိုဘိုင်းဒေသတွင် တောမီးလောင်ကျွမ်းမှုမဖြစ်စေရန် မီးသတ်တပ်ဖွဲ့ဝင်များ အသင့်ချထားကြောင်း အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

ချာနိုဘိုင်းဒေသ မြေကြီးအတွင်းရှိ ရေဒီယိုသတ္တိကြွအမှုန်များ လေတိုက်၍ဖြစ်စေ၊ မီးလောင်၍ဖြစ်စေ လေထုအတွင်းပျံ့လွင့်လာမည်ကို စိုးရိမ်နေကြရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ယင်းဒေသ၌ လောင်ကျွမ်းနေသော တောမီးများကို ငြိမ်းသတ်နိုင်ခဲ့ပြီဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက ကြေညာလိုက်သည်။

ယင်းဒေသတွင် တောမီးများလောင်ကျွမ်းနေမှုကို ထိန်းချုပ်နိုင်ခဲ့သော်လည်း လက်ရှိ ဟက်တာ ၈၂၀၀၀ (စတုရန်းမိုင် ၃၅၀) ပျံ့နှံ့လောင်ကျွမ်းနေဆဲဖြစ်ကြောင်း၊ မြို့တော်မော်စကိုအပါအဝင် နိုင်ငံ၏ဒေသအသီးသီးတွင် တောမီးလောင်နေရာ ၆၀၀ကျော် ရှိနေဆဲဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၁၀-၂၀၁၁ခုနှစ် ပြည်နယ်လုံးကျွတ်ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ အခမ်းအနားတွင် ပြသထားသည့် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# မွန်ပြည်နယ် ပြည်နယ်လုံးကျွတ် ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် တက်ရောက်အမှာစကားပြောကြား

## မိုးစပါးစိုက်ကေများအတွင်း ငါးမျိုးများ စိုက်ထည့်ပေး

နေပြည်တော် ဩဂုတ် ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက်တွင် မုဒုံမြို့နယ် ကွမ်တာကျေးရွာ၌ ကျင်းပသည့် မွန်ပြည်နယ် ၂၀၁၀-၂၀၁၁ခုနှစ် ပြည်နယ်လုံးကျွတ် ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

### တက်ရောက်

အဆိုပါ အခမ်းအနားသို့ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်က စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးက စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တာဝန်ရှိသူတို့က ခရိုင်အလိုက် ရေတော်မိုးတော်ထွန်တုံးပိတ်ကိန်းဂဏန်း အထောက်အထားများကို တိုင်းမှူးထံ ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် တိုင်းမှူးတို့က ၂၀၀၉-၂၀၁၀ခုနှစ် မွန်ပြည်နယ်၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာဆုများကို ပေးအပ်ချီးမြှင့်ကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

### မြေဩဇာကြဲပက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ထွန်တုံးပိတ်ပွဲ အခမ်းအနားတွင် ပြသထားသည့် စက်မှုလယ်ယာဦးစီးဌာန၏ လယ်ယာသုံး စက်ကိရိယာများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ စမ်းသပ်စိုက်ကွက်များ၊ မိုးစပါးထွန်တုံးပိတ်စိုက်ပျိုးနေမှုများနှင့် စုပေါင်းမြေဩဇာကြဲပက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များသည် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် မိုးစပါးစိုက်ဧကများအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်ကြပြီး ငါးသားပေါက်များ စိုက်ထည့်ပေးခဲ့ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်သည် ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စိုက်ပျိုးရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကွမ်တာကျေးရွာနှင့် ကော့ခပုံကျေးရွာတို့၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကိုလည်းကောင်း၊ ကျေးရွာချင်းဆက် ကတ္တရာလမ်းကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**(သတင်းစဉ်)**

# DUMEX ဖြည့်စွက်အာဟာရ နို့မှုန့်တိုက်ကျွေးသည့် အခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၁၁**

Mo Asia Co., Ltd. က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအဖြစ် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်း ကျောင်းသားကျောင်းသူများအား DUMEX ဖြည့်စွက်အာဟာရ နို့မှုန့်တိုက်ကျွေးသည့် အခမ်းအနားကို ယနေ့ မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်း၌ ကျင်းပသည်။ **(အောက်ယာပုံ)**

### တိုက်ကျွေး

ရှေးဦးစွာ Mo Asia Co., Ltd. မှ တာဝန်ရှိသူတို့က ကျောင်းသားကျောင်းသူများအား အာဟာရဆိုင်ရာ သိမှတ်စရာများကို ပြောကြားကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ DUMEX ဖြည့်စွက်အာဟာရ နို့မှုန့် Dugro-3 Plus နှင့် Full Cream တို့ကို ကျောင်းသားကျောင်းသူများအား တိုက်ကျွေးကြသည်။

DUMEX - Dugro-3 Plus သည် ကျောင်းနေစအရွယ်ကလေးငယ်များအတွက် ပြီးပြည့်စုံသော ဖြည့်စွက်အာဟာရ နို့မှုန့် ဖြစ်ခြင်းကြောင့် ကိုယ်ခံစွမ်းအားမြင့်မား၍ ဉာဏ်ရည်ထက်မြက်မှုကို အားပေးသည်။

Full Cream နို့မှုန့်သည် ကလေးနှင့် လူကြီးများအတွက် အရိုးကိုသန်မာ၍ ခန္ဓာကိုယ်အတွက် ပြည့်ဝသော အာဟာရကို ပေးစွမ်းနိုင်သည်။

Mo Asia Co., Ltd. သည် ဩဂုတ် ၁၂ရက်တွင်လည်း ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မူလတန်းကျောင်းသား ကျောင်းသူများအား DUMEX ဖြည့်စွက်အာဟာရနို့မှုန့်များ တိုက်ကျွေးပြီး အမှတ်တရ လက်ဆောင်များပေးမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ DUMEX ဖြည့်စွက်အာဟာရနို့မှုန့်ကို အမြို့မြို့အနယ်နယ်ရှိ အရောင်းပြခန်းများတွင် ဝယ်ယူရရှိနိုင်သည်။

**(သတင်းစဉ်)**



# ဆေးပညာသတင်းဆန်းများ (၈)

**ဒေါက်တာ ကံညွန့်**

ဆေးသိပ္ပံပညာရှင်တွေဟာ လူသားမျိုးနွယ်စုရဲ့ အကျိုးအတွက် အမျိုးမျိုးသုတေသနလုပ် အားထုတ်ခဲ့ကြတာ အခုဆိုရင် အမေရိကန်နိုင်ငံက မျိုးရိုးဗီဇဆိုင်ရာ ဆေးသိပ္ပံသုတေသီပညာရှင်တစ်စုရဲ့ အောင်မြင်မှုတစ်ခုကြောင့် အဆင့်တစ်ခုကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ သူတို့ဟာ ပြုပြင်ဖန်တီးထားတဲ့ DNA ကို ဗက်တီးရီးယားတစ်ခုမှာ အောင်မြင်စွာ ထည့်သွင်း ပြုလုပ်နိုင်ခဲ့ကြလို့ပါပဲ။ DNA ဆိုတာ မျိုးရိုးဗီဇကို သယ်ဆောင်တဲ့ Cell တစ်ခုရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းပါ။ ဒီလုပ်ရပ်ကြောင့် ဇီဝမျိုးပွားကိစ္စတွေမှာရော ပုံတူသက်ရှိ သတ္တဝါဖန်တီးရာမှာသော်လည်းကောင်း၊ မျိုးရိုးကြောင့် ဖြစ်ပွားတဲ့ရောဂါတွေ တားဆီးရာမှာသော်လည်းကောင်း၊ တခြားရောဂါအမျိုးမျိုးကို ကုသရာမှာသော်လည်းကောင်း အသုံးဝင်မယ့် အောင်မြင်မှုအဆင့်တစ်ခုလို့ သတ်မှတ်လိုက်ကြပါတယ်။ ဒီတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ MaryLand ပြည်နယ်က JCVI သုတေသနဌာနက Dr. Craig Venter နှင့် အဖွဲ့က တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။

ဒီတွေ့ရှိချက်ကြောင့် သိပ္ပံနယ်ပယ်မှာရော နိုင်ငံရေးနယ်ပယ်နှင့် သဘာဝပတ်ဝန်းကျင်နယ်ပယ်မှာပါ ဂယက်ရိုက်ခတ်ခဲ့ပါတယ်။ ဒီတွေ့ရှိမှုကြောင့် လူသားမျိုးရိုးကိုပါ ပြောင်းလဲပစ်နိုင်ပြီး အစွမ်းထက်တဲ့ ဇီဝလက်နက်တွေကိုပါ ထုတ်လာနိုင်မလားဆိုပြီး စိုးရိမ်စိတ်တွေ ဖြစ်လာကြပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ တရုတ်နိုင်ငံမှာ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကြောင့် လည်းကောင်း၊ အိမ်တွင်းဝန်းကျင် လေထုညစ်ညမ်းမှုကြောင့်လည်းကောင်း၊ နှစ်စဉ် ငါးနှစ်အောက်ကလေး တစ်သန်းကျော်သေဆုံးနေရတယ်ဆိုတဲ့ သတင်းပါပဲ။ တရုတ်နိုင်ငံဟာ စက်မှုဖွံ့ဖြိုးတိုးတက်ပြီး စီးပွားရေးတိုးတက်အောင် ဆောင်ရွက်လာတဲ့အတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို မထိန်းသိမ်းနိုင်လို့ အခုလို ဖြစ်ရတာဆိုပြီး တရုတ်နိုင်ငံ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ ၎င်းတို့ရဲ့ လေ့လာချက်အရ တရုတ်နိုင်ငံမှာ ကုန်ထုတ်စက်ရုံတွေကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းရုံသာမဟုတ်ဘဲ အိမ်တွင်းဝန်းကျင်မှာလည်း အိမ်သုံးပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းတွေမှာ အသုံးပြုနေတဲ့ ပစ္စည်းတွေကြောင့် လေထုညစ်ညမ်းရတာလို့ ထောက်ပြထားပါတယ်။ အိမ်သုံးပရိဘောဂနှင့် ပစ္စည်းအသုံးအဆောင်တွေမှာ ဖော်မယ်ဒီဟိုက် (Formaldehyde)၊ အမိုးနီးယား (Amonia)၊ အီသလင်းဒိုင်အောက်ဆိုဒ် (Ethylene Dioxide) ၊ မယ်လမင်း (Melamine) စတဲ့ ဓာတုပစ္စည်းတို့ကြောင့် ဖြစ်ကြောင်းနှင့် ၎င်းတို့အထဲမှာ Formaldehyde က အသက်ရှူလမ်းကြောင်း၊ ဦးနှောက်နှင့် ကိုယ်ဝန်ဆောင် မိခင်တို့ကို အကြီးအကျယ်ဒုက္ခပေးကြောင်း ဖော်ပြထားပါတယ်။

ထပ်မံပြီး အင်္ဂလန်နိုင်ငံက ထူးထူးခြားခြား မွေးဖွားခဲ့တဲ့ ခြောက်မြွှာပူး သတင်းတစ်ပုဒ်ကို ဖော်ပြလိုပါတယ်။ အင်္ဂလန်နိုင်ငံက Vicky Lamb လို့ခေါ်တဲ့ ၃၁နှစ်အရွယ် အမျိုးသမီးက မိန်းကလေး လေးယောက်၊ ယောကျ်ားလေး နှစ်ယောက်ပါတဲ့ ခြောက်မြွှာပူးကို ၂၀၁၀ ခုနှစ် မေလ ၂၁ရက်နေ့က အောင်မြင်စွာ မွေးဖွားခဲ့ပါတယ်။ မွေးဖွားချိန်မှာ အကြီးဆုံးကလေးက ၁ပေါင် ၁၅အောင်စရှိပြီး အငယ်ဆုံးကလေးကတော့ ၁ပေါင် ၅အောင်စသာရှိပါတယ်။ အင်္ဂလန်နိုင်ငံမှာ ၂၅နှစ်အတွင်း ပထမဦးဆုံး မွေးဖွားတဲ့ ခြောက်မြွှာပူးဖြစ်ပြီး ဒီထက်အရင် ၂၅နှစ်ကျော် ၁၉၈၃ခုနှစ်က Janet and Graharm Walton တို့မိသားစုက ကမ္ဘာပေါ်မှာ ပထမဆုံးမိန်းကလေးချည်း ခြောက်ယောက်ပါတဲ့ ခြောက်မြွှာပူးကို မွေးဖွားခဲ့တာဖြစ်ပါတယ်။ သူတို့အားလုံး အသက်ရှင်နေလျက်ပဲလို့ သိရပါတယ်။ ဒီလိုမွေးဖွားမှုဟာ ရှားပါးလွန်းလှပြီး ကိုယ်ဝန်ဆောင်ပေါင်း ၄ဒသမ ၅သန်းမှာမှ တစ်ယောက်သာ ဖြစ်နိုင်ခြေရှိကြောင်း သိရပါတယ်။

နောက်ထပ်သတင်းတစ်ပုဒ်က အသက်ကြီးပြီး ရင်သားကင်ဆာဖြစ်နေသူ အမျိုးသမီးတွေမှာ Lumpectomy ခေါ်တဲ့ ရင်သားကင်ဆာအကျိတ်ကို ခွဲထုတ်ပြီးတဲ့အခါ Radiation ခေါ်တဲ့ ဓာတ်ကင်တာကို ခံနိုင်စွမ်းမရှိခဲ့လျှင် Tamoxifen ဆိုတဲ့ဆေးနဲ့ အောင်မြင်စွာ ထိန်းသိမ်းကုသနိုင်ကြောင်း တွေ့ရှိချက်ဖြစ်ပါတယ်။ ရင်သားကင်ဆာအတွက် စောစောသိဖို့၊ ကာကွယ်ဖို့၊ ကုသဖို့ အမျိုးမျိုးကြိုးစားလာခဲ့ကြတာမှာ ယခုအခါ အမေရိကန်နိုင်ငံ Boston ပြည်နယ် မက်ဆာချူးဆက် ဆေးရုံကြီးမှ Dr.Kevin Hlughes ခေါင်းဆောင်တဲ့အဖွဲ့က လေ့လာတွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ၎င်းတို့အဖွဲ့ဟာ ၁၂နှစ်ကြာမျှ ရင်သားကင်ဆာဝေဒနာရှင် ၆၃၆ဦးကို Tamoxifen ဆေးပေးပြီး စမ်းသပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ရင်သားကင်ဆာကို စောစောသိပြီး ဓာတ်ကင်ကုသခြင်းမခံယူလိုကြသူ အမျိုးသမီးများအတွက် ကုထုံးတစ်ခုပေါ်ထွက်လာကြောင်း တင်ပြလိုက်ရပါတယ်။

ဆက်လက်ပြီး တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ တစ်နေ့မှာ အကြိမ် ၂၀၀လောက် တက်တဲ့ ထူးထူးခြားခြား ရောဂါတစ်မျိုးခံစားနေရတဲ့ ကလေးတစ်ယောက် အကြောင်းပါပဲ။ Aaron နှင့် Conor ဆိုတဲ့ အမြွှာညီအစ်ကိုနှစ်ဦးဟာ လွန်ခဲ့တဲ့ မတ်လက မွေးခဲ့ကြတာပါ။ သူတို့ဟာ သုံးလသားအရွယ်သာ ရှိပါသေးတယ်။ သူတို့ထဲက Aaron ဟာ Ohtahara Syndrone လို့ခေါ်တဲ့ ဦးနှောက်ဖောက်ပြန်တဲ့ ရောဂါတစ်ခုကို ခံစားရပြီး တစ်နေ့မှာ အကြိမ် ၂၀၀လောက် တက်နေတတ်ပါတယ်။ သူ့ကို ဘယ်ဆေးနဲ့မှ ထိန်းမရနိုင်ဘဲ နောက်ဆုံးမှာ သူ့ကိုကုသပေးကြတဲ့ ကလေးဆရာဝန်တွေနဲ့ ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ခွဲစိတ်ဆရာဝန်ကြီးတွေက ဦးနှောက်ရဲ့ အစိတ်အပိုင်းတစ်ခုကို လုံးဝဖြတ်ထုတ်ပစ်လိုက်ကြပါတယ်။ ယင်းသို့ ခွဲစိတ်ကုသရာမှာ ၁၂နာရီ ကြာမြင့်ခဲ့ပါတယ်။ အခုဆိုရင် Aaron လေးဟာ လုံးဝတက်ခြင်း မရှိတော့ဘဲ ကောင်းမွန်နေတယ်လို့ သိရပါတယ်။ ဦးနှောက်အစိတ်အပိုင်းမရှိဘဲ အသက်ရှင်နေတဲ့ ကလေးတစ်ယောက်အကြောင်းပါပဲ။

ဆက်လက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်ခန္ဓာအတွင်း အဖု အကျိတ်ရောင်ကင်ဆာရောဂါ (Non-Hodgkin Lymphoma) ဆိုတဲ့ ရောဂါကပ်ရောက်နေသူတွေမှာ နေထိုင်စားသောက်မှု (Life Style) ပုံစံကို ပြောင်းလဲပါက ပိုမိုအသက်ရှည် နေထိုင်နိုင်ကြမယ်ဆိုတဲ့ လေ့လာချက် သတင်းပါပဲ။ ဆေးလိပ်သောက်သူ၊ အရက်သောက်သူနှင့် အဝလွန်သူတို့ဟာ ၎င်းတို့ရဲ့ Life Style ပုံစံကို မပြောင်းလဲပါက သာမန်လူများထက် အသက်ဆုံးရှုံးရန် ပိုပြီးအခွင့်အလမ်းရှိကြောင်း ကင်ဆာသုတေသီတို့က တင်ပြထားကြပါတယ်။ အနှစ် ၂၀ ဆေးလိပ်သောက်ထားသူတို့ဟာ သာမန်လူတို့ထက် ၇၆ရာခိုင်နှုန်း အသက်ဆုံးရှုံးနိုင်ပြီး အဝလွန်သူတို့က အဝမလွန်သူတို့ထက် ၃၂ရာခိုင်နှုန်း ပိုပြီးအသက်ဆုံးရှုံးနိုင်ကာ အရက်သောက်သူတို့ကလည်း ထို့အတူပဲ အသက်ဆုံးရှုံးနိုင်ကြောင်း တင်ပြထားကြပါတယ်။ ကင်ဆာရောဂါလို့ သိလိုက်တာနဲ့ အခြေအနေတွေကို ပြောင်းလဲနေထိုင်ကြရင် ကင်ဆာရောဂါရဲ့ သေမယ့်ဘေးက အတော်အတန် လွတ်မြောက်နိုင်ကြောင်း ဖော်ပြလိုက်ရပါတယ်။

အခုနောက်ဆုံး ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ နှလုံးရောဂါရှိသူ ဝေဒနာရှင်များဟာ အပျော်အပါးမလိုက်စားသင့်ကြောင်း အမေရိကန်သုတေသီများက အမေရိကန်နှလုံးရောဂါအစည်းအဝေးမှာ ပြောကြားလိုက်တယ်ဆိုတဲ့ သတင်းပါ။ အမှန်တော့ အပျော်အပါးလိုက်စားသူတို့ ပျော်ပါးနိုင်အောင် စွမ်းဆောင်ပေးတဲ့ အစွမ်းထက်ဆေးတွေပေါ်နေတာ ဆယ်စုနှစ်နှစ်ခုသာသာ ရှိခဲ့ပါပြီ။ ၎င်းဆေးတွေကတော့ Sildenafil (Viagra)၊ Tadalafil (Cialis) နှင့် Vardenafil (Levitra) တို့ ဖြစ်ကြပါတယ်။

ဒီဆေးတွေဟာ တချို့နှလုံးရောဂါအခံရှိသူတွေ သောက်သုံးကြရတဲ့ Nitroglycerine (Nitrol) Iso Sorbide monnitrate (Imdur) ၊ Iso Sorbide dinitrate (Isordil)နောက်သွေးကျဲဆေး (Anticoagulant)၊ ဆီးကျိတ်ရောင်ရောဂါမှာ သုံးစွဲရတဲ့ Alpha Blocker ဆေးများ၊ သွေးကျဆေးများ သုံးစွဲနေရသူများတွင် သတိထားစားသုံးသင့်ကြောင်း ဆေးတွေစပေါ်စဉ်ကပင် သတိပေးထားခဲ့ကြတာ ဖြစ်ပါတယ်။

ဒါပေမယ့် အပျော်အပါးလိုက်စားသူ အသက် ၆၀ကျော်အရွယ် လူအများမှာ မဆင်မခြင်စားသုံးကြတဲ့အတွက် နဂိုနှလုံးရောဂါအခံရှိမှန်း မသိသူတို့မှာ အသက်ဆုံးရှုံးသည်ထိဖြစ်ရကြောင်း မကြာခဏ သတင်းများမှာ သိရှိရပါတယ်။ ယခုလေ့လာချက်အရ နှလုံးရောဂါခံစားနေကြရသူ ၁၇၀၀ကို သုတေသနပြုဆန်းစစ်ခဲ့ကြရာ ယင်းဝေဒနာရှင်များဟာ ကာမဂုဏ် ခံစားနေစဉ်အတွင်း အသက်ပျောက်မည့် အခွင့်အလမ်းများရှိကြောင်း သုတေသနအဖွဲ့ ခေါင်းဆောင်က ပြောကြားခဲ့ကြောင်း သိရပါတယ်။ ၎င်းအပြင် သူတို့လေ့လာချက်အရ အသက် ၅၉နှစ်အရွယ် အမျိုးသားများက ၆၁နှစ်အရွယ် အမျိုးသမီးများထက် လိင်စိတ်ပိုမိုပြင်းပြကြောင်းလည်း တွေ့ရှိရတယ်လို့ ဖော်ပြထားပါတယ်။ ယင်းအရွယ် အပျော်အပါးလိုက်စားသူတို့ဟာ အများအားဖြင့် လိင်အစွမ်းထက် ဆေးဝါးများကို မှီဝဲပြီးမှ ပျော်ပါးတတ်ကြတာများပါတယ်။

ဒါကြောင့် အခုထွက်ပေါ်လာတဲ့ လေ့လာတွေ့ရှိချက်အရ နှလုံးရောဂါ အခံရှိသူတို့မှာ အပျော်အပါးလိုက်စားပါက အသက်အန္တရာယ်ရှိနိုင်တဲ့အပြင် ဖော်ပြပါ အစွမ်းထက်ဆေးတွေသုံးစွဲပြီး အပျော်အပါး လိုက်စားပါက ပို၍ပို၍ အသက်အန္တရာယ်ပေးနိုင်ကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။



# တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်မှု တိုင်းမှူးဗိုလ်ချုပ်ဝင်းမြင့် လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၁

တိုင်းမှူးဒိုင်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၉ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်စစ်သည်များ တက်ရောက်ကြသည်။

## ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲစစ်တုရင်ခုံ၌ အဖြူပထမရွှေ့ကွက်ကို စတင်ရွှေ့ပေးကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ဓာတ်ပုံ)** ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့သည် ပြိုင်ပွဲယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသည့် ကျောင်းကျန်းမာရေး စံပြဆုရကျောင်းများ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

## ပေးအပ်ချီးမြှင့်

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူတို့က တိုင်းအဆင့်ကျောင်းကျန်းမာရေး အဆင့်မြင့်စံပြထူးချွန်ဆုရကျောင်းများ၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စံပြဆုရကျောင်းများနှင့် ဆုရရှိကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူတို့သည် ကျောင်းကျန်းမာရေးလှုပ်ရှားမှုပြခန်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်မြို့ရှိဆိပ်ခံတံတားများနှင့် ကုန်သေတ္တာစခန်းတို့၌ ဆိပ်ကမ်းလုပ်ငန်းများ ဝန်ကြီးဦးသိန်းဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၁

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက် မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေသည် ဩဂုတ်၉ရက် မွန်းလွဲပိုင်းက မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အမှတ်(၃) ဗိုလ်အောင်ကျော် ဆိပ်ခံတံတားသို့ ရောက်ရှိလာပြီး ဗိုလ်အောင်ကျော် ကုန်သေတ္တာစခန်း၌ သွင်းကုန်နှင့် ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရေးအဖွဲ့များဖြင့် ဖွင့်ဖောက်စစ်ဆေးနေမှု၊ သိုလှောင်ရုံအတွင်း၌ ပစ္စည်းများစနစ်တကျထားသိုမှု၊ ကုန်သေတ္တာတင် မော်တော်ယာဉ်များကို X-Ray စက်ဖြင့် ဖြတ်သန်းမောင်းနှင် စစ်ဆေးနေမှုနှင့် ဗိုလ်အောင်ကျော်တံတား၌ သင်္ဘောကြီးပေါ်မှ ကုန်သေတ္တာများတင်ချနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်၊ ထုတ်ကုန်ပစ္စည်းများ စနစ်တကျစစ်ဆေးရေး၊ မြန်ဆန်မှုနှင့် မှန်ကန်မှုရှိအောင် ဆောင်ရွက်ရေး၊ မသမာမှုများ ကင်းဝေးစေရေးတို့ကို မှာကြားသည်။

## မှာကြား

ဆက်လက်၍ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသော သင်္ဘောပေါ်မှ ကုန်ပစ္စည်းများ မော်တော်ယာဉ်ပေါ်သို့ တင်ချနေမှုကိုလည်းကောင်း၊ စဉ့်အိုးတန်း၊ ဘုန်းကြီးလမ်း၊ လမ်းသစ် ဆိပ်ခံတံတားများ၌ ဆိုက်ကပ်လျက်ရှိသော ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် ခရီးသည်တင်ရေယာဉ်များပေါ်သို့ ကုန်များ တင်ဆောင်ထားရှိမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက သွင်းကုန်ထုတ်ကုန်ပစ္စည်းများကို စစ်ဆေးရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ ဆိပ်ကမ်းလုပ်ငန်းများ မှန်ကန်ချောမွေ့စေရေး ဂရုစိုက်ဆောင်ရွက်သွားကြရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေး၊ လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မရှိရေးနှင့် လုံခြုံရေးဂရုပြုရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆိပ်ကမ်းလုပ်ငန်းများ သွက်လက် မှန်ကန်မြန်ဆန်ရေးနှင့် စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေးကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဦးသိန်းဆွေ ဆူးလေအမှတ်(၅) ဆိပ်ခံတံတား၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)





# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အခမ်းအနား သဃ်န်းကျွန်းမြို့နယ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ကကြီးမှူးကျင်းပသည့် ၂၀၁၀ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးဆိုင်ရာ စံပြမိခင်ဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၉ရက် နံနက် ၉နာရီက သဃ်န်းကျွန်းမြို့နယ်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် ကျန်းမာရေးကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားသည်။

## ချီးမြှင့်

ဆက်လက်၍ အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့်အဖွဲ့ဝင်များက ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ် စံပြမိခင် ပထမဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ဒုတိယဆုရ သာကေတမြို့နယ်၊ တတိယဆုရ တာမွေမြို့နယ်နှင့် အထူးဆုရ မြို့နယ်များကိုလည်းကောင်း၊ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဆိုင်ရာ ဗဟုသုတ ဉာဏ်စမ်းပြိုင်ပွဲ ပထမဆုရ တောင်ဥက္ကလာပမြို့နယ်၊ ဒုတိယဆုရ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် တတိယဆုရ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တို့ကို ဆုများ ချီးမြှင့်ကြသည်။ **(အောက်ပုံ)**

## ကြည့်ရှုအားပေး

ထို့နောက် တာဝန်ရှိသူများက မိခင်နှင့်ကလေး မူကြိုမှ ငါးနှစ်အောက် ကလေးငယ်များအား ဗီတာမင်အေတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားနှင့် သန်ချဆေး ဗီတာမင်ဘီဝမ်းနှင့် အာဟာရထောက်ပံ့ခြင်းနှင့် အိုင်အိုဒင်းစစ်ဆေးခြင်း၊ သရုပ်ပြခြင်း၊ ကိုယ်ဝန်ဆောင်အာဟာရနှင့် ငါးနှစ်အောက် ကလေးအာဟာရ သရုပ်ပြချက်ပြုတ်ခြင်းများကို ကြည့်ရှုအားပေးကြသည်။ **(ကျန်းမာရေး)**



ထားဝယ်မြို့ မြို့ပြရေပေးရေးအတွက် မျှော်အင်းကန်အတွင်းရှိ ဗေဒါပင်နှင့်ဒိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် အင်ဂျင်နီယာမှူး ဦးထင်လင်းကျော်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# ဂျီပီအက်စ်များ၌ ကွန်တိုမြေပုံထည့်သွင်းခြင်း မိတ်ဆက်ရှင်းလင်းပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၁၁

Concordia Int'l Co., Ltd. က တင်သွင်းဖြန့်ချိသော Garmin GPS များနှင့် Computer များ၌ မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ်ကွန်တိုမြေပုံ ထည့်သွင်းခြင်းမိတ်ဆက်ပွဲကို ဩဂုတ် ၆ရက်က ရန်ကုန်မြို့ရှိ Concordia Int'l Co., Ltd. ၌ ကျင်းပသည်။

ယခုအခါ နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြေတိုင်းတာရေးလုပ်ငန်းများ၊ သတ္တုရှာဖွေရေးလုပ်ငန်းများ၊ လမ်းအူကြောင်းရှာဖွေရေးလုပ်ငန်းများ၊ ဆည်မြောင်းတာတမံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မရှိမဖြစ် အသုံးပြုလာရသော နိုင်ငံတကာသုံး Garmin GPS များနှင့် ကွန်ပျူတာများ၌ မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ်ကွန်တိုမြေပုံများကို ထည့်သွင်းထားခြင်းအားဖြင့် မိမိရောက်ရှိနေသောနေရာ သို့မဟုတ် မိမိသွားရောက်လိုသည့် အရပ်ဒေသများ၏ မြေမျက်နှာပြင် အနိမ့်အမြင့်ကို မီတာဖြင့် အသေးစိတ်သိရှိနိုင်မည်ဖြစ်ကြောင်းနှင့် မြန်မာတစ်နိုင်ငံလုံး၏ အသေးစိတ်ကွန်တို မြေပုံများနှင့် မြို့ကြီး ၂၅မြို့မြေပုံများကို Garmin GPS များနှင့် Computer များတွင် ထည့်သွင်းပေးလျက်ရှိသည်။

## ဆက်သွယ်စုံစမ်း

ဆက်သွယ်မေးမြန်းလိုပါက Concordia Co., Ltd. ရန်ကုန်မြို့ သုံးလွှာနှင့် ငါးလွှာ ရွှေဂုံပလာဇာ ဗဟန်းမြို့နယ် ဖုန်း-၀၁-၅၅၈၃၇၄၊ ၅၄၉၄၄၄၊ ၇၃၀-၀၉၂၂၃၊ ၉၅၁၅၄၄၈၂၄၊ ၅၅၈၁၇၀ နှင့် ၅၄၀၀၂၆၊ ဖက်စ် -၅၄၄၁၉၉၊ မန္တလေးမြို့ အမှတ် (၅) မြေညီထပ် SY အဆောက်အအုံလမ်း ၃၀၊ ၇၇ လမ်းနှင့် ၇၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း- ၀၉-၅၀၆၇၁၇၂၊ ၀၂-၉၁၀၀၁၉၈၁၊ ၀၂-၃၆၄၇၈ နှင့် ၀၂-၉၆၃၀၁၊ နေပြည်တော် အမှတ် (၁၄၄) သီရိရတနာအဆင့်မြင့်ဈေး ဖုန်း-၀၉-၄၉၂၀၀၉၄၈၊ ၀၆၇-၄၂၀၈၁၉ နှင့် ၄၂၁၃၆၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း မီးလောင်မှု(၃၄)ကြိမ်ဖြစ်ပွားခဲ့

ရန်ကုန် ဩဂုတ် ၁၁

ဇူလိုင်လအတွင်း နိုင်ငံတစ်ဝန်း မီးလောင်မှု ၃၄ကြိမ်ဖြစ်ပွားခဲ့ပြီး မီးဖိုမီး/ပေါ့ဆမီး ၂၇ကြိမ်၊ အလိုအလျောက် နှစ်ကြိမ်၊ လျှပ်စစ်မီး သုံးကြိမ်၊ မသမာသူရှို့မီး နှစ်ကြိမ်ဖြစ်သည်။

အိမ်ခြေအဆောက်အအုံ အလုံး ၈၀ မီးလောင်ခံရပြီး လူ ၁၈၀ အိုးအိမ်မဲ့ဖြစ်ကာ ခုနစ်ဦး ဒဏ်ရာရရှိခဲ့သည်။

## ပါဝင်

မီးဖိုမီး/ပေါ့ဆမီး ၂၇ကြိမ်ပါဝင်သဖြင့် မီးကို မဆင်မခြင်ပေါ့ဆစွာ သုံးစွဲမှုကြောင့် ဖြစ်ပွားခဲ့သော မီးလောင်မှုများသည် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၇၉ ဒသမ ၄၁ ရာခိုင်နှုန်းခန့် ပါဝင်သည်ကိုတွေ့ရသည်။

မီးလောင်မှုအကြိမ်များကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာ မန္တလေးတိုင်း၌ အကြိမ်အများဆုံး၊ ရန်ကုန်တိုင်း၌ဒုတိယအကြိမ်အများဆုံး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် တတိယ အကြိမ်အများဆုံး ဖြစ်ပွားခဲ့သည်ကို စိစစ်တွေ့ရှိရသည်။

မီးလောင်မှုများ၏ ဆုံးရှုံးမှုတန်ဖိုးများကို ပြည်နယ်၊ တိုင်းအလိုက် ဆန်းစစ်ကြည့်ရာတွင် ကရင်ပြည်နယ်၌ ဆုံးရှုံးမှုအများဆုံး၊ ရန်ကုန်တိုင်း၌ ဒုတိယဆုံးရှုံးမှုအများဆုံးနှင့် စစ်ကိုင်းတိုင်းတွင် တတိယအများဆုံး ဆုံးရှုံးခဲ့သည်ကို တွေ့ရှိရသည်။

## ဖြစ်ပွားခဲ့

မီးလောင်မှု ၃၄ကြိမ်အနက် ကျေးရွာမီးလောင်မှု ၁၀ကြိမ် ဖြစ်ပွားခဲ့သဖြင့် ကျေးရွာမီးလောင်မှု ဖြစ်ပွားရခြင်းအခြေအနေသည် နိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သည့် မီးလောင်မှုအကြိမ်စုစုပေါင်း၏ ၂၉ ဒသမ ၄၁ ရာခိုင်နှုန်းခန့် ပါဝင်ခဲ့သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးအန္တရာယ်ကို ပြည်သူများလိုက်နာ ဆောင်ရွက်ရေးအတွက် မီးသတိမူရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သက်ဆိုင်ရာဦးစီးဌာနများနှင့် ညှိနှိုင်းလုပ်ဆောင်ခြင်း၊ အထပ်မြင့် အဆောက်အအုံများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ထံ အမြဲတစေအကြံပြုတိုက်တွန်းခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှအသိပညာပေးခြင်း၊ မြို့နယ်ရပ်ကွက်/ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုများ စစ်ဆေးခြင်းများ ဆောင်ရွက်နေကြသော်လည်း လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုဖြစ်ပွားနေကြောင်း၊ ကျေးရွာများတွင်လည်း မီးလောင်မှုလျော့နည်းစေရေးအတွက် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးရွာအရောက်ကျယ်ကျယ်ပြန့်ပြန့် အရှိန်အဟုန်မြှင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ မိုးရာသီသို့ ရောက်ရှိနေပြီဖြစ်သော်လည်း ပေါ့ဆမှုနှင့် လျှပ်စစ်ဝိုင်ယာမှ တစ်ဆင့် မီးလောင်မှုများ ဖြစ်ပွားလာနိုင်သည့်အတွက် မီးဘေးလုံခြုံရေး စီမံချက်အတိုင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ဂုဏ်ယူဝမ်းမြောက်ခြင်း

နေပြည်တော်တွင် ဧရာဝတီဘဏ်(ရုံးချုပ်) ASIA GREEN DEVELOPMENT BANK (ရုံးချုပ်)ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

**ဦးအောင်မိုးကျော်**
**Group Chairman နှင့်**
**ဒါရိုက်တာအဖွဲ့**
**INTERNATIONAL BEVERAGES TRADING CO.,LTD.**
**GROUP OF COMPANIES။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

ဧရာဝတီဘဏ် (နေပြည်တော်)
၁၁-၈-၂၀၁၀ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက်
အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဦးဌေးမြင့်**
**ဥက္ကဋ္ဌ**
**Yuzana Group of Companies။**

## ဂုဏ်ယူဝမ်းမြောက်ခြင်း

၁၁-၈-၂၀၁၀ရက်တွင် AYERWADY BANK ၏ နေပြည်တော်ဘဏ်ခွဲအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါသည်။

**AYER SHWE WAH GROUP OF COMPANIES**
**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ။**

## အမည်ပြောင်း

ပခုက္ကူမြို့ အထက(၁) ပဉ္စမတန်း (A) မှ ဦးနေလင်းကျော်၏သမီး မဟန်နီခြူးအား မဟန်နီခြူးကျော်ဟု ပြောင်းလဲခေါ်ပါရန်။

## ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်သိန်းမြင့် ပိုင် ည/၄၄၆၇ မော်တော်ယာဉ်၏ အခွန်စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
**ဆက်သွယ်ရန် ဖုန်း-၇၃၀၆၁၂၅၄။**

## ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဩဂုတ် ၁၁**

ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ခွဲဝင်များသည် ဩဂုတ် ၉ရက်တွင် လွိုင်ကော်မြို့နယ် ရွှေတောင်ရပ်ကွက်နှင့် ဒေါနိုးကူး ရပ်ကွက်တို့သို့ သွားရောက်၍ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဖွင့်လှစ်ထားမှုနှင့် မဲစာရင်းများ ပြုစုထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မဲရုံဆောက်လုပ်မည့် နေရာများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဝမ်းမြောက်ဂုဏ်ယူခြင်း

Max Myanmar Co.,Ltd. ၏ ဧရာဝတီဘဏ် (နေပြည်တော်) အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် Max Myanmar Co.,Ltd. ၏ လုပ်ငန်းဆောင်တာများ အခွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဆုမွန်ကောင်းတောင်းလျက်-

**Moon Ray Co.,Ltd. မိသားစု။**




## နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် ပွဲစဉ်များစတင်

**နေပြည်တော် ဩဂုတ် ၁၁**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ စတင်ကျင်းပရာ နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ကက)အုပ်စုမှ သစ်တောရေးရာဝန်ကြီးဌာနအသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းတို့ တစ်ဖက် တစ်ဂိုးစီဖြင့် သရေဖြစ်သွားပြီး နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ကက) အုပ်စုမှ အမှတ် (၁)စက်မှုဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

**ယှဉ်ပြိုင်**

ဩဂုတ် ၁၂ရက် ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းနှင့် သတ္တုတွင်းဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ခခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာ သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃)ဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး စုဝေးခန်းမဆောင်၌ ကျင်းပသည်။ သင်တန်းဆင်းပွဲတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသား သင်တန်းသူများအား သင်တန်းအောင်လက်မှတ်များကို ပေးအပ်သည်။ အဆိုပါသင်တန်းကို ဇွန် ၁ရက်မှ ဩဂုတ် ၆ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၅၅ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီး ဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ။**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ

လေလှိုင်းသံ လူသတ်သမား-

နားမယောင်လေနဲ့ သတိထား။

## ကမ္ဘာ့အရှည်ဆုံး ရော်ဘာရေကာတာ

ကိုသစ္စာ ရေးသားသည်

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ယန်ဟီမြစ်ပေါ်တွင် တည်ဆောက်ထားသော ရေကာတာမှာ ရော်ဘာများဖြင့် ပြုလုပ်ထားသည့် ကမ္ဘာပေါ်တွင် အရှည်ဆုံး ရေကာတာတစ်ခု ဖြစ်သည်။

### အမည်ပေး

အဆိုပါ ရော်ဘာများဖြင့် တည်ဆောက်ထားသော ရေကာတာကို စီယာဘူတောင်ရော်ဘာရေကာတာဟု အမည်ပေးထားသည်။ ၎င်းရေကာတာကို ၁၉၉၇ ခုနှစ် ဇူလိုင် ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။



### အရှည်

မြစ်ကမ်းနှစ်ခုကြားရှိ စီယာဘူတောင် ရော်ဘာရေကာတာ၏ စုစုပေါင်းအရှည်မှာ ၃၇၂၃ ပေရှိသည်။ ခန်းဖွင့် ၁၆ခုဖြင့် တည်ဆောက်ထားသည်။ ရေကာတာခန်းဖွင့်တစ်ခုချင်းစီ၏ အကျယ်မှာ ၂၂၉ပေရှိရာ စုစုပေါင်း ၃၆၆၄ပေရှိသည်။

### မှတ်တမ်းတင်

စီယာဘူတောင် ရော်ဘာရေကာတာသည် ကမ္ဘာပေါ်၌ အရှည်ဆုံး ရော်ဘာရေကာတာအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်ထားနိုင်သည်။ အင်တာနက်

## ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၈၅/၂၀၁၀) ဖြင့် သတ်မှတ်ကြေညာသည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်များစာရင်း အချပ်ပို (၄)မျက်နှာ ပါရှိပါသည်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၁-၈-၂၀၁၀

| | | | | |
|---|---|---|---|---|
| နေပြည်တော်(ပျဉ်းမနား) | ၀ | ဒသမ | ၀၆ | လက်မ |
| နေပြည်တော်(သပြေကုန်း) | ၀ | ဒသမ | ၁၆ | လက်မ |
| ဟုမ္မလင်းမြို့ | ၂ | ဒသမ | ၂၀ | လက်မ |
| မချမ်းဘောမြို့ | ၁ | ဒသမ | ၇၇ | လက်မ |
| ချောင်းဆုံမြို့ | ၁ | ဒသမ | ၆၁ | လက်မ |
| ဘားအံမြို့ | ၁ | ဒသမ | ၄၅ | လက်မ |

### နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး